ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၂၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၂၉-၈-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကတော့ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနတွင် အစည်းအဝေးတက်ရောက်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးစိုးမိုးအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ မြန်မာ့ကျန်းမာရေးဘဏ္ဍာဆိုင်ရာ မဟာဗျူဟာ ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး ခင်မောင်အုန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး၊ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်နှင့် ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်းတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြ အပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ်းမတော်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၈၄-က) ပုံတောင်ကွင်းနှင့် (၇၈၇) ပုံတောင်မြောက်ကွင်းရှိ လယ်ယာမြေများအား အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားမှုနှင့် လမ်းမတော်၊ ညောင်ပင်လှ၊ ပိန္နဲချောင်းကျေးရွာ၊ ကွင်းအမှတ် (၇၈၆-က)၊ (၇၈၆-ခ)၊ (၇၈၇) ကျောက်တော်တောင်ကွင်းနှင့် ပုံတောင် တောင်ကွင်းမှ ခမရ (၃၇၅) တပ်မြေအဖြစ် သိမ်းယူခဲ့သည့် လယ်ယာမြေများနှင့် ဥယျာဉ်ခြံမြေများထဲမှ ပိုလျှံမြေ၊ စစ်တပ်နှင့် တစ်ဆက်တစ်စပ်တည်းမရှိသော မြေများကို ပြန်လည်စွန့်လွှတ်ပေးရန်နှင့် မစွန့်လွှတ်နိုင်သည့် မြေယာများကို လျော်ကြေးငွေပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ်းမတော်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၈၄ - က)ပုံတောင်ကွင်းနှင့် (၇၈၇) ပုံတောင်မြောက်ကွင်းရှိ လယ်ယာမြေများအား အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားမှုနှင့် လမ်းမတော်၊ ညောင်ပင်လှ၊ ပိန္နဲချောင်းကျေးရွာ၊ ကွင်းအမှတ်(၇၈၆-က)၊ (၇၈၆-ခ)၊ (၇၈၇) ကျောက်တော်တောင်ကွင်းနှင့် ပုံတောင် တောင်ကွင်းမှ ခမရ(၃၇၅) တပ်မြေအဖြစ် သိမ်းယူခဲ့သည့် လယ်ယာမြေများနှင့် ဥယျာဉ်ခြံမြေများထဲမှ ပိုလျှံမြေ၊ စစ်တပ်နှင့် တစ်ဆက်တစ်စပ် တည်းမရှိသော မြေများကို ပြန်လည်စွန့်လွှတ်ပေးရန်နှင့် မစွန့်လွှတ်နိုင်သည့် မြေယာများကို လျော်ကြေးငွေ ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေ(၂၁၆၉၇၀)ဦးရှိပြီး စိုက်ပျိုးမြေ ဧက (၈၄၅၅၄) ဧက ရှိပါတယ်။ အများစုမှာ လယ်ယာလုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်ကြပါတယ်။ လမ်းမတော်ကျေးရွာအုပ်စု တွင်ကျေးရွာ(၇)ရွာရှိပြီး၊ လူဦးရေ(၇၅၉၉)ဦး နေထိုင်သော ကျေးရွာအုပ်စုတစ်ခုဖြစ်ပါတယ်။ အားလုံး နီးပါး လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ သို့ရာတွင် ယခုအချိန်တွင် လမ်းမတော်အုပ်စုမှ လယ်သမားများမှာ လယ်ယာမြေမရှိသလောက် ဖြစ်နေကြပါတယ်။ ကျောက်တော်မြို့နယ်အတွင်း ၁၉၉၁ ခုနှစ်မှစတင်၍ စစ်တပ်များ စတင်တည်ဆောက်လာခြင်းဖြစ်ပြီး လမ်းမတော် ကျေးရွာအုပ်စု အတွင်း စစ်တပ်များတန်းစီပြီး နေရာယူလာမှုကြောင့် လမ်းမတော်ကျေးရွာအုပ်စုပိုင် လယ်ယာမြေများ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းကာ တပ်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်လာခြင်းများကြောင့် လယ်သမားများ လယ်မဲ့၊ ယာမဲ့ဘဝကို ရောက်ရှိခဲ့ရပါတယ်။

ကွင်းအမှတ်(၇၈၄ - က)ပုံတောင်ကွင်းနှင့် ကွင်းအမှတ်(၇၈၇) ပုံတောင်မြောက်ကွင်းမှ လယ်မြေဧက (၉၅၂.၆၈)ဧကကို ၂၅-၇-၁၉၉၆ ရက်နေ့တွင် အမှတ်(၉)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် စကခ(၉)မှ သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ဧက (၉၅၂.၆၈)ဧကတွင်ပါဝင်တဲ့ လယ်သမားများမှာ လယ်မဲ့၊ ယာမဲ့ဘဝကို ရောက်ရှိခဲ့ရပြီး မိုးရာသီရောက်တိုင်း လယ်သမားတချို့မှာ မိမိလယ်ယာမြေကို အခပေးကာ ပြန်လည်ငှားရမ်းပြီး လုပ်ကိုင်ခဲ့ရကာ စားဝတ်နေရေး၊ ဝမ်းစာဖူလုံရေး တို့အတွက် ဖြေရှင်းခဲ့ရသည်မှာ ယနေ့အထိတိုင်အောင် ဖြစ်နေပါတယ်။ ကွင်းအမှတ်(၇၈၆-က)၊ (၇၈၆-ခ)၊ (၇၈၇)ကျောက်တော်တောင်ကွင်း၊ ပုံတောင်ကွင်းမှ ၁၄-၉-၂၀၀၀ ရက်နေ့တွင် (၁၄၉.၃၆)ဧက နှင့် ၈-၆-၂၀၀၁ ရက်နေ့တွင် (၁၁၅.၁၉)ဧက၊ စုစုပေါင်း(၂၆၄.၅၅) ဧကကို ခမရ(၃၇၅)မှ သိမ်းယူခဲ့ ခြင်းဖြစ်ပြီး လမ်းမတော်၊ ပိန္နဲချောင်းကျေးရွာမှ တောင်သူများ ပါဝင်ခဲ့ပါတယ်။ အမှတ်(၃၇၅) ခမရ (၃၇၅)ခြေမြန်တပ်ရင်းမှာ ယခင် ညောင်ပင်လှကျေးရွာ၊ အနောက်ဘက်ကွင်းတွင် ရေနစ်မြုပ်သဖြင့် တပ်ပြောင်းရွှေ့လာခြင်းဖြစ်ပြီး လယ်ယာမြေများကို သိမ်းဆည်းမှု မပြုလုပ်ခင်အထိ လယ်သမား များမှာ ကိုယ့်လယ်မြေကို ကိုယ်ကိုယ်တိုင်လုပ်ကိုင်ခဲ့ရပြီး သိမ်းဆည်းမှုနောက်ပိုင်းတွင် လယ်သမား တချို့မှာ ကိုယ့်လယ်ယာမြေကို ကိုယ်ကိုယ်တိုင် ငှားရမ်းလုပ်ကိုင်ခဲ့ရတဲ့ဘဝကို ရောက်ရှိခဲ့ရပါတယ်။

အဆိုပါ စကခ(၉)နှင့် ခမရ(၃၇၅) တပ်တို့မှာ သိမ်းဆည်းခံ လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေ များထဲမှ တပ်တည်ဆောက်ပြီး ပိုလျှံမြေများကို ပြန်လည်စွန့်လွှတ်ပေးရန်နှင့် မစွန့်လွှတ်နိုင်သည့် မြေများကိုလည်း နစ်နာခဲ့သည့် တောင်သူလယ်သမားများကို ငဲ့ညှာသောအားဖြင့် မြေယာလျော်ကြေး ပေးနိုင်ရေး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့နယ်၊ လမ်းမတော်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၈၄ - က)ပုံတောင်ကွင်းနှင့် (၇၈၇) ပုံတောင်မြောက်ကွင်းရှိ လယ်ယာမြေများအား အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ တပ်ပိုင်မြေ အဖြစ် သိမ်းဆည်းထားမှုနှင့် လမ်းမတော်၊ ညောင်ပင်လှ၊ ပိန္နဲချောင်းကျေးရွာ၊ ကွင်းအမှတ်(၇၈၆-က)၊ (၇၈၆-ခ)၊ (၇၈၇) ကျောက်တော်တောင်ကွင်းနှင့် ပုံတောင် တောင်ကွင်းမှ ခမရ(၃၇၅) တပ်မြေအဖြစ် သိမ်းယူခဲ့သည့် လယ်ယာမြေများနှင့် ဥယျာဉ်ခြံမြေများထဲမှ ပိုလျှံမြေ၊ စစ်တပ်နှင့် တစ်ဆက်တစ်စပ် တည်းမရှိတဲ့ မြေများကို ပြန်လည်စွန့်လွှတ်ပေးရန်နှင့် မစွန့်လွှတ်နိုင်သည့် မြေယာများကို မြေယာ လျော်ကြေးပေးနိုင်မှု ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၆-၆-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး ဗဟိုကော်မတီရဲ့ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်ကချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်များနှင့်အညီ အလေးထားလိုက်နာကာ စိစစ်ဆောင်ရွက်သွားကြရန် လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ မူဝါဒများကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် အထူးတာဝန် ရှိကြပါတယ်လို့ လမ်းညွှန်မှု ပြုသွားခဲ့ပါတယ်။ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ သိမ်းဆည်းမြေယာများ ပြန်လည်စွန့်လွှတ်ပေးလျက်ရှိရာမှာ နိုင်ငံတော်က ချမှတ်ပေးထားသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ စွန့်လွှတ်အပ်နှံလျက်ရှိပါတယ်။ ဒီလိုစွန့်လွှတ်အပ်နှံရာမှာ တိုင်ကြားစာများအပေါ်စိစစ်ပြီး ပြန်လည်စွန့်လွှတ် ပေးခဲ့တာမျိုးရှိခဲ့သလို တိုင်ကြားခြင်းမရှိသော်လည်း တပ်မှအသုံးပြုရန် မလိုအပ်တဲ့ မြေယာတွေကိုလည်း ပြန်လည်စွန့်လွှတ်အပ်နှံတာမျိုး ဆောင်ရွက်လျက်ရှိပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ၁၇-၁၂-၂၀၁၇ ရက်နေ့အထိ နိုင်ငံပိုင် သတင်းစာများတွင် ကြေညာခဲ့သည့် စွန့်လွှတ်မြေ စုစုပေါင်းမှာ (၂၅၈၀၁၃.၅၉၉)ဧက ဖြစ်ပါတယ်။ ၎င်း အပြင် ယနေ့အထိ (၁၆၈၄၀.၅၁၁)ဧကကိုလည်း နိုင်ငံတော်သို့ ထပ်မံစွန့်လွှတ်အပ်နှံခဲ့ပြီး ဖြစ်ပါတယ်။ တပ်၊ ဌာနချုပ်များအနေနဲ့ တပ်ရဲ့လိုအပ်တဲ့မြေ၊ လုံခြုံရေးအရ ထိန်းသိမ်းရမယ့်မြေ၊ အနာဂတ် စီမံကိန်းဆောင်ရွက်ရမယ့် မြေ စတာတွေအနက်မှ စိစစ်ပြီး စွန့်လွှတ်လို့ ရနိုင်သမျှသော မြေတွေကို စွန့်လွှတ်ပေးဖို့ ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာပဏာမ ရှင်းလင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်(၃၇၅)ခြေမြန်တပ်ရင်းရဲ့ တပ်ပိုင်မြေနဲ့ ပတ်သက်လို့ တပ်ပိုင်မြေအဖြစ် (၂၆၄.၅၅) ဧကအဖြစ် မြေပုံမြေစာရင်းပုံစံ ၁၀၅ အရ တောင်မြေ (၁၄၉.၃၆)ဧကကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၄-၉-၂၀၀၀ ရက်စွဲပါ စာအမှတ် ၂၀၀/၂-၅/ဦး ၁ နှင့် ၈-၆-၂၀၀၁ ရက်စွဲပါ စာအမှတ် ၂၀၀/၂-၄/ဦး ၁ တို့ဖြင့် မြေပေးမိန့်များ ရရှိပြီးဖြစ်ပါတယ်။ ဦးပိုင်ပေါက် လယ်မြေ (၁၁၅.၁၉)ဧကနှင့်ပတ်သက်လို့ အဲဒီအချိန်က ဦးပိုင်ပေါက် တောင်သူ(၄၀)ဦးတို့က နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ တပ်မြေသိမ်းဆည်းရန်ပေါ်ပေါက်လာသည့်ဖြစ်ရာ ၎င်းတို့အနေနဲ့ သဘောတူပါကြောင်းကို ကျောက်တော်မြို့နယ် မြေစာရင်းဦးစီးမှူးရှေ့တွင် ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားကြပါတယ်။

အမှတ်(၃၇၅)ခြေမြန်တပ်ရင်းရဲ့ တပ်ပိုင်မြေ (၂၆၄.၅၅)ဧကဆိုသော်လည်း တပ်ရဲ့အလယ်မှာတောင်ကုန်းတွေရှိနေတဲ့အတွက် အဆောက်အဦများ ဆောက်လုပ်ရာမှာ နေရာကန့်သတ်မှုတွေ ရှိနေပါတယ်။ တပ်ရဲ့ထပ်မံဆောက်လုပ်မယ့် အဆောက်အဦတွေနဲ့ လေ့ကျင့်ရေးကွင်းများလည်း ဆောက်လုပ်ဖို့ရှိနေပါသေးတယ်။ အမှတ်(၃၇၅)ခြေမြန်တပ်ရင်းဟာ ကုလားတန်မြစ်ကို ဖြတ်ပြီးတည်ဆောက်ထားတဲ့ ကစ္စပနဒီတံတားကြီးနှင့် နီးကပ်စွာတည်ရှိပြီး ရန်ကုန်-စစ်တွေကားလမ်းနှင့် နီးကပ်စွာတည်ရှိနေတဲ့အတွက်ကြောင့် လုံခြုံရေးအရ အရေးကြီးတဲ့နေရာတွင် တည်ရှိနေတာဖြစ်တာကြောင့် ပြန်လည်စွန့်လွှတ်

ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် တပ်မြေသိမ်းဆည်းစဉ်မှာ ဦးပိုင်ပေါက် တောင်သူ(၄၀)ဦးအနေနဲ့ တပ်မြေသိမ်းဆည်းခြင်းကို သဘောတူကြောင်း ကတိဝန်ခံချက်များ လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ အတွက်ကြောင့် လျော်ကြေးငွေပေးလျော်နိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ စကခ(၉)တပ်မြေသိမ်းဆည်းမှုနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြအပ်ပါတယ်။ အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်မြေသိမ်းဆည်းရာမှာ တောင်မြေ(၁၈၈.၈၇)ဧက၊ မြေလွတ်၊ မြေလပ်(၆၅.၇၅)ဧက၊ ကွဲ၊ နွားသွားလမ်း(၂၅.၄၀)ဧက၊ ရေနုတ်မြောင်း(၈.၀၄)ဧက၊ သကြားစက်သွားလမ်းမြေ(၁၁.၉၃)ဧကနှင့် လယ်မြေ(၆၅၂.၈၇)ဧက၊ စုစုပေါင်း(၉၅၂.၈၆)ဧကအနက် တောင်မြေ(၁၈၈.၈၇)ဧက၊ မြေလွတ်၊ မြေလပ်(၆၅.၇၅)ဧက၊ ကွဲ၊ နွားသွားလမ်း(၂၅.၄၀)ဧက၊ ရေနုတ်မြောင်း(၈.၀၄)ဧကတို့ကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၆-၇-၁၉၉၆ ရက်စွဲပါ စာအမှတ် ၁၂/၁၁/အခ ၃ ဖြင့်လည်းကောင်း၊ ဦးပိုင်ပေါက်လယ်မြေ (၆၅၂.၈၇)ဧကအား ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၆-၇-၁၉၉၆ ရက်စွဲပါစာအမှတ် ၁၁/၁၁/အခ ၃ ဖြင့်လည်းကောင်း မြေပေးမိန့်များ ရရှိပြီးဖြစ်ပါတယ်။ အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အနေဖြင့် သိမ်းဆည်းမြေ (၉၅၂.၈၆)ဧကမှ အမှတ်(၉၀၈)စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း၏ တပ်ခွဲ(၂)သို့ (၅၀.၆၃)ဧက၊ အမှတ်(၈) စစ်မြေပြင်ဆေးတပ်ရင်းသို့ (၄၇.၅၉)ဧက၊ အမှတ်(၉)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်ရဲ့ ဆက်သွယ်ရေးတပ်ခွဲသို့ (၉၆.၅၅)ဧက ခွဲဝေပေးထားတဲ့အတွက်ကြောင့် အမှတ်(၉)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် တပ်ပိုင်မြေဟာ (၇၅၈.၁၉)ဧကသာ ကျန်ရှိပါတယ်။

တပ်မြေသိမ်းဆည်းရာမှာ ပါဝင်ခဲ့တဲ့ ဦးပိုင်ပေါက်လယ်ယာမြေ(၆၅၂.၈၇)ဧက အတွက် တောင်သူ(၂၀၁)ဦးထံသို့ မြေယာလျော်ကြေးငွေများလည်း ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှ ၂၅ ရက်အထိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးစီးပြီး ရခိုင်ပြည်နယ်အတွင်း သိမ်းဆည်းခံမြေများနှင့် ပတ်သက်၍ အစည်းအဝေးပြုလုပ်ခဲ့ရာမှာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ(ပထမတန်း)(စစ်ထောက်) ဒုတိယဗိုလ်မှူးကြီးကျော်ဇံဦး တက်ရောက်ခဲ့ပါတယ်။ အဲ့ဒီ အစည်းအဝေးမှာလည်း အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ်(၃၇၅) ခြေမြန်တပ်ရင်းမြေတို့နဲ့ ပတ်သက်ပြီး အခြေအနေအသေးစိတ်ကို ပြည်နယ်ဝန်ကြီးချုပ်ထံလည်း ရှင်းလင်းတင်ပြထားပြီးဖြစ်ပါတယ်။ အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ဟာ တောင်ဘက်မှာ ရန်ကုန်-စစ်တွေ ကားလမ်း၊ အမှတ်(၃၇၅)ခြေမြန်တပ်ရင်းမြေတို့နဲ့ ဆက်စပ်လျက်ရှိပြီး၊ အနောက်ဘက်တွင် ကုလားတန်မြစ်ရှိပြီး၊ ကုလားတန်မြစ်နှင့် အမှတ်(၉)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကြားမှာ လမ်းမတော်ရပ်ကွက်၊ ညောင်ပင်လှရွာ၊ အမှတ်(၃၇၄)ခြေမြန်တပ်ရင်း၊ အမှတ်(၈၂၈)ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းရဲ့ တပ်ဆွယ်များ ထိစပ်နေပါတယ်။

မြောက်ဘက်မှာကတော့ ကုလားတန်မြစ်ကြီးရှိနေပြီး ကုလားတန်မြစ်ကိုဖြတ်ပြီး ဆောက်လုပ်ထားတဲ့ ကစ္စပနဒီမြစ်ကူးတံတားနဲ့လည်း နီးကပ်နေတဲ့အတွက်ကြောင့် မြေအနေအထားအရ အရေးကြီးတဲ့ မြေနေရာမှာ ရှိနေတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှာရှိနေတဲ့ အဆောက်အဦတွေဟာ ပြီးပြည့်စုံတဲ့ အနေအထား မရှိသေးပါဘူး။ ထပ်မံပြီးတော့ တိုးချဲ့ဆောက်လုပ်ရမယ့် အဆောက်အဦတွေ ရှိနေပါသေးတယ်။ နှစ်စဉ် ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး ထပ်မံတိုးချဲ့သွားဖို့လည်းရှိပါတယ်။ သို့ဖြစ်ပါ၍ အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ရဲ့

တပ်မြေနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ မြေပေးမိန့်များရရှိပြီးဖြစ်ခြင်း၊ ဦးပိုင်ပေါက် လယ်ယာမြေများတွင် လျော်ကြေးငွေများ ပေးအပ်ခဲ့ပြီးဖြစ်ခြင်း၊ အနာဂတ်တွင် အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ရန်ရှိခြင်း၊ လုံခြုံရေးအရအရေးကြီး မြေနေရာဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေများ ပေးလျော်ပြီးဖြစ်တဲ့အတွက် လျော်ကြေးငွေ ပေးလျော်နိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ ဘာမေးမှာလဲ။ လိုရင်းကိုမေး။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။　　။ ကျွန်တော့်မေးခွန်းအပေါ် လာဖြေသွားတဲ့ ဝန်ကြီးကို ကျေးဇူးအများကြီးတင်ရှိပါတယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော်တို့ စကခ(၉)မှာ (၂၀၁)ဦးကို လျော်ကြေးပေးထားတယ်လို့ ဖြေသွားပါတယ်။ အဲဒီထဲမှာ ကျွန်တော်သိသလောက် လျော်ကြေးမယူခဲ့တဲ့ လယ်သမားတွေ ရှိပါတယ်။ အဲဒီလယ်သမားတွေရော လျော်ကြေးပြန်ပေးဖို့ အစီအစဉ်ရော ရှိမလား တစ်ချက်မေးချင်ပါတယ်။ နောက်ပြီး ခမရ(၃၇၅)မှာ သဘောတူညီကြောင်းပဲ လက်မှတ်ထိုးခဲ့ပါတယ်။ လျော်ကြေးပေးချေခဲ့ခြင်း မရှိပါဘူး။ အဲဒီတုန်းက ဘာပဲဖြစ်ဖြစ်လယ်သိမ်းလို့ရှိရင် လျော်ကြေးပေးပါတယ်။ တပ်တွေက လျော်ကြေးမပေးသေးပါဘူး။ ပြန်လည်ပေးဖို့ရော အစီအစဉ်ရှိလား ထပ်မေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။　　။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြေကိစ္စတွေမှာတော့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီ ကျွန်တော်တို့ သေချာစိစစ်ပြီးတော့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ပေးနိုင်တဲ့မြေများကိုလည်း ကျွန်တော်တို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီးကနေပြီးတော့ ကိုယ်မလုပ်နိုင်တဲ့လယ်တွေကို ပြန်လည်ပေးအပ်ဖို့ကို သေချာညွှန်ကြားတဲ့အတွက်ကြောင့် ကျွန်တော်တို့ မဖြေကြားခင်မှာဘဲ သေချာသွားစစ်ပါတယ်။ ကျွန်တော် ဒုတိယဝန်ကြီးအနေနဲ့ လူကိုယ်တိုင်မသွားရောက်ခဲ့ရုံဘဲရှိပါတယ်။ ကျွန်တော်တို့ ဒီကနေ စုံစမ်းတဲ့အခါမှာလည်း ဒီမြေတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်မေးခွန်း မဖြေခင်ကပင် ပြည်နယ်ဝန်ကြီးချုပ်ကို ကျွန်တော်တို့ မြေယာနဲ့ပတ်သက်ပြီးတော့ အသေးစိတ်ရှင်းလင်း တင်ပြပြီးသားဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ရဲ့ ဘတ်ဂျက်အခြေအနေအရ ဒီကလည်း ၁၉၉၆ ခုနှစ်က လုပ်ထားတဲ့ မြေတွေဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လျော်ကြေးပေးဖို့အတွက်ကို ထပ်ပြီးတော့လည်း အစီအစဉ် မရှိပါဘူး။ ပြည်နယ်ဝန်ကြီးချုပ်ကိုလည်း ဒီတပ်နှစ်ခုနဲ့ ပတ်သက်ပြီးတော့ သေချာစွာစနစ်တကျ ရှင်းလင်းတင်ပြပြီးဖြစ်တဲ့အတွက်ကြောင့် လျော်ကြေးပေးရန် အစီအစဉ်မရှိတော့ကြောင်း ထပ်မံရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လုံလဲရ်ကျေးရွာတွင် သောက်သုံးရေသန့်ရရှိရေးအတွက် ၂၀၁၈ -၂၀၁၉ သို့မဟုတ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လုံလဲရ်ကျေးရွာတွင် သောက်သုံးရေသန့် ရရှိရေးအတွက် ၂၀၁၈-၂၀၁၉ သို့မဟုတ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းရမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လုံလဲရ်ကျေးရွာအား သောက်သုံးရေသန့် ရရှိရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လုံလဲရ်ကျေးရွာဟာ ထန်တလန်မြို့မှ အနောက်ဘက် (၃၅)မိုင်အကွာ အိန္ဒိယနှင့်မြန်မာနိုင်ငံနယ်စပ်တွင် တည်ရှိသောကျေးရွာ ဖြစ်ပါတယ်။ လူနေအိမ်ခြေ(၁၇၀)၊ လူဦးရေ(၉၆၀)ရှိသော ကျေးရွာဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံ၊ အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၂)ကျောင်း၊ အမှတ်(၂၆၆) ခြေမြန်တပ်ရင်းနဲ့ ရဲစခန်းများ ရှိကြပါတယ်။ အဲဒီလိုနေရာတွေမှာ ရေလုံလောက်မှုမရှိတဲ့အတွက် တပ်စခန်းမှရဲဘော်များ၊ ရဲတပ်သားများ၊ တိုက်နယ်ဆေးရုံဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ပြည်သူလူထုဟာ ချောင်းမှရေကို ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ပခုံးဖြင့်လည်းကောင်း ခက်ခဲစွာ ထမ်းနေကြတာကို မိမိကိုယ်တိုင် ၂၅-၄-၂၀၁၈ ရက်နေ့ အဲဒီရွာ ရောက်ခဲ့စဉ်တုန်းက ကိုယ်တွေ့မျက်မြင်ဖြစ်ပါတယ်။

ရွာထဲတွင် သွယ်တန်းတဲ့ရေပိုက်ခေါင်းများ၊ တပ်စခန်းဘေးတွင် ရေပုံးများကို တန်းစီပြီး အမျိုးသမီးနှင့် ကလေးငယ်များဟာ မိုးလင်းချိန်မှစပြီး ရေအလာကို စောင့်ဆိုင်းနေကြတာကို တွေ့တဲ့အခါ စိတ်မကောင်းစွာဖြစ်ပါတယ်။ လူသားတို့ရဲ့ အသက်ရှင်နေထိုင်ရေးအတွက် ရေဟာ မရှိမဖြစ် အဓိကအရေးကြီးဆုံးဖြစ်ပါတယ်။ ခုခေတ်မှာ သောက်ရေသန့်လောက်ကိုတော့ ဝဝလင်လင် ရွာတိုင်း၊ ရွာတိုင်း သွယ်ယူပေးဖို့လိုအပ်ပါတယ်။ အဲဒီလို ရေအခက်အခဲကြုံတွေ့လာရတဲ့အထိ ပြဿနာကို ဖြေရှင်းနိုင်ရေးအလို့ငှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ရပ်မိရပ်ဖများမှ ရှာဖွေလျက်ရှိရာ လုံလဲရ် ကျေးရွာမှ (၅)မိုင်ဝေးကွာပြီး ကျေးရွာအထက်(၃၁၈)ပေ အမြင့်တွင်ရှိသော ရေထွက်(၂)နေရာကို ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ အဲဒီရေထွက်ကို ရေတိုင်းကိရိယာဖြင့် တိုင်းတာတဲ့အခါ (၁၀)စက္ကန့်တွင်

(၆)ဂါလန်နှုန်းထွက်တာကို တွေ့ရှိရတဲ့အတွက် အဲဒီစိမ့်စမ်းရေအား သွယ်ယူပေးနိုင်ပါက ရေကို လုံလောက်စွာ သောက်သုံးနိုင်ကြမှာဖြစ်ပါတယ်။ စိမ့်စမ်းချောင်းအား ကျွမ်းကျင်သူအင်ဂျင်နီယာမှ တိုင်းတာချက်အရ ငွေကျပ်သိန်း(၃၉၁၅၀၀၀၀)တိတိသာ ကုန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် လုံလဲရ် ကျေးရွာအတွက် အဆိုပါသောက်သုံးရေသန့်အား သွယ်ယူပေးနိုင်ရေးအတွက် နီးစပ်ရာ ဘဏ္ဍာရေး နှစ်တွင် ရန်ပုံငွေချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီးအား လေးစားစွာ အသနားခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ရဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လုံလဲရ်ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် ၂၀၁၈-၂၀၁၉ သို့မဟုတ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ချင်းပြည်နယ်အစိုးရနှင့်ပေါင်းစပ်ပြီး နယ်စပ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လမှာ ငွေကျပ်(၂၆၃၄.၁၈၉)သန်း ခွင့်ပြု ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လမှာလည်း ငွေကျပ် (၇၆၀၈. ၈၇၆)သန်းကို အဆိုပြုလျာထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာ ပါရှိတဲ့ ထန်တလန်မြို့နယ်၊ လုံလဲရ်ကျေးရွာဟာ ကွင်းဆင်းစစ်ဆေးချက်အရ အိမ်ခြေ(၁၉၅)အိမ်၊ လူဦးရေ (၉၉၆)ဦး နေထိုင်လျက်ရှိပြီးတော့ လက်ရှိမှာ INGO အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ AFT- Area Focus Township အစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စိမ့်စမ်းရေသွယ်ယူပေးခဲ့သော သောက်သုံး ရေဖြင့် သွယ်ယူသုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ထန်တလန်မြို့နယ်၊ လုံလဲရ်ကျေးရွာ သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် ကျေးရွာနှင့် (၄/၄)မိုင်ခန့်ကွာဝေးတဲ့ စိမ့်စမ်းရေ အသစ်ကနေ ရေသွယ်ယူရမည်ဖြစ်ပါတယ်။ စိမ့်စမ်းရေထွက်များ ဖြစ်နိုင်ခြေ ရှိ/မရှိ (Feasibility Survey) ပြုလုပ် သင့်သည့်ကာလ ၂၀၁၉ ခုနှစ်၊ မတ်လ၊ ဧပြီလ၊ မေလများမှာ ကျွန်တော်တို့ ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ပါမယ်။ ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ပြီးတော့ စိမ့်စမ်းရေထွက်များမှ ရေရယူနိုင်ရန် ဖြစ်နိုင်ခြေ ရှိပါက ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး

ရန်ပုံငွေအပေါ်မှာမူတည်ပြီးတော့ ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ် သက်သေများအား အကာအကွယ်ပေးခြင်း အစီအမံများကို ပြန်လည်စိစစ်၍ လက်တွေ့အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ် သက်သေများအား အကာအကွယ်ပေးခြင်း အစီအမံများကို ပြန်လည်စိစစ်၍ လက်တွေ့အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မ မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံဟာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူညီချက်စာချုပ် (CRC)အဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်ကနေ စတင်ခဲ့ပြီးတော့ အဲဒီစာချုပ်အရ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အခွင့်အရေးဖြစ်တဲ့ ပြစ်မှုကျူးလွန်ခံရတဲ့ ကလေးသူငယ်များနှင့် ကလေးသူငယ် သက်သေတွေကို အကာအကွယ်ပေးခြင်း အစီအမံများကို ပြန်လည်ကြီးကြပ်ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ၊ ၁၉၉၃ ခုနှစ် ဥပဒေမှာ ပါရှိတဲ့ အခန်း ၅၊ ကလေးသူငယ်ရဲ့အခွင့်အရေးများ ပုဒ်မ ၁၆(က)မှာ ကလေးသူငယ်တိုင်းရဲ့ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုအကြောင်းမဲ့ထိပါးခြင်းမခံရစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်ဆိုတာ ပါရှိပါတယ်။ ထို့အပြင် အခန်း ၁၀ မှာ ကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်ခြင်း ပုဒ်မ ၄၂ မှာ ကလေးသူငယ်တရားရုံးဟာ ကလေးသူငယ်မှုခင်းများကို စီရင်တဲ့အခါမှာ လိုက်နာရမယ့်အချက်များကို ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲဒီဥပဒေအရ ပြစ်မှုကျူးလွန်ခံရတဲ့ ကလေးသူငယ်များနဲ့ ကလေးသူငယ် သက်သေတွေကို အကာအကွယ်ပေးခြင်းအစီအစဉ်အရ ကလေးသူငယ်မှုခင်းနဲ့ စပ်လျဉ်းတဲ့ ကလေးသူငယ် တရားရုံးရှေ့မှောက်မှာ တစ်ဦးချင်းလွတ်လပ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်မှုရရှိရန် အခွင့်အရေး၊ ကလေးသူငယ်နဲ့သင့်တော်သော ပတ်ဝန်းကျင်မှာတွေ့ဆုံမေးမြန်းပြီး သက်သေအဖြစ် ထွက်ဆိုရန် အခွင့်အရေး၊ မည်သည့်မှုခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးပေးမှု ခံယူရရှိရန် အခွင့်အရေး၊ အလေးဂရုပြုမှုနဲ့ ဆက်ဆံမှုရရှိရေး စသည်တို့ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဥပဒေပါပြဋ္ဌာန်းချက်များ ရှိပါသော်လည်း တချို့သောတရားရုံးတွေမှာ ကလေးသူငယ်တရားရုံးဟာ အမည်ခံပဲဖြစ်နေပြီးတော့ ကလေးသူငယ်တွေအတွက် တစ်ဦးချင်း

လွတ်လပ်မှု၊ လုံခြုံမှုကို ကာကွယ်ပေးတဲ့ အရံအတားတွေမရှိဘူး။ ကလေးသူငယ်များကို ကျူးလွန်တဲ့ လူရှေ့မှာပဲ စစ်ဆေးမေးမြန်းနေခြင်း၊ အသက်အရွယ်နဲ့ သင့်လျော်ရိုးရှင်းတဲ့ စကားလုံးအသုံးအနှုန်းနဲ့ မေးမြန်းမှုမရှိခြင်း၊ ဗမာမဟုတ်သော တိုင်းရင်းသားကလေးငယ်တွေအတွက် ၎င်းတို့ နားလည်သော မိခင်ဘာသာစကားဖြင့် ဆက်သွယ်မှုပြုရန် အခက်အခဲဖြစ်ခြင်း စသည်တို့ ဖြစ်ပေါ်လျက်ရှိပါတယ်။ အထူးသဖြင့် ကိုယ်တိုင်ထွက်ဆိုခြင်းမပြုနိုင်တဲ့ မသန်စွမ်းကလေးသူငယ်တွေအတွက် ဘာသာရပ်ကျွမ်းကျင်သူက နှုတ်ဖြင့်ဖြစ်စေ၊ လက်သင်္ကေတပြ ဘာသာစကားဖြင့်ဖြစ်စေ၊ အခြားနားလည်လွယ်တဲ့ အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်စားပါဝင်ဆောင်ရွက်နိုင်တဲ့အခွင့်အရေးများ တရားရုံး တော်တော်များများမှာ မရရှိသေးပါ။ သို့ပါသောကြောင့် မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်များနဲ့ ကလေးသူငယ်သက်သေများအား အကာအကွယ်ပေးခြင်း အစီအစဉ်များအား ပြန်လည်စိစစ်၍ လက်တွေ့အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးသာဌေး (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)။** ။ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးသာဌေး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရတဲ့ ကလေးသူငယ်တရားရုံးနဲ့ မြို့နယ်တရားရုံးများဟာ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရာမှာ ကလေးသူငယ်ဥပဒေ၊ နည်းဥပဒေများ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ၍ စစ်ဆေးစီရင်ကြရပါတယ်။ ကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်ခြင်းနှင့်စပ်လျဉ်းပြီး ကလေးသူငယ်ဥပဒေ အခန်း ၁၀၊ နည်းဥပဒေ အခန်း ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ၍ စီရင်နေကြရပါတယ်။

ကလေးသူငယ်ဥပဒေပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် ကလေးသူငယ်တရားရုံးဟာ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရာမှာ သီးခြားရုံး အဆောက်အအုံ၌ဖြစ်စေ၊ ထိုသို့ သီးခြားရုံး အဆောက်အအုံမရှိလျှင် အမှုစစ်ဆေးနေကျမဟုတ်သော အဆောက်အအုံအခန်း၌ဖြစ်စေ စစ်ဆေးစီရင်ရမည်ဟုလည်းကောင်း၊ အမှုစစ်ဆေးသည့်နေရာ၌ မိဘအုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်း၊ ဥပဒေ အရာရှိများ၊ ဝတ်စုံဆင်မြန်းထားခြင်းမရှိသော တာဝန်ကျပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ အမှုနှင့် တိုက်ရိုက်သက်ဆိုင်သူများ၊ ကလေးသူငယ်တရားရုံးရဲ့ ခွင့်ပြုချက်ရရှိသူများမှတစ်ပါး အခြားမည်သူမျှ မရှိစေရဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ကလေးသူငယ် သို့မဟုတ် မိဘအုပ်ထိန်းသူက ရှေ့နေ

ငှားရမ်းခြင်းမပြုနိုင်၍ သို့မဟုတ် ငှားရမ်းခြင်းမပြုလို၍ သင့်လျော်သူတစ်ဦးဦးရဲ့ အကူအညီဖြင့် အမှုကိုခုခံချေပလိုကြောင်း လျှောက်ထားလာပါက ခွင့်ပြုပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်ပါက စကားပြန်ရရှိစေရန် စီစဉ်ပေးရမယ်ဟုလည်းကောင်း၊ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အမြန်ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်ဟုလည်းကောင်း ဥပဒေပုဒ်မ ၄၂ မှာ ပြဋ္ဌာန်းထားချက်ရှိပါတယ်။

ဒါကြောင့် ကလေးသူငယ်မှုခင်းများကို သီးခြားရုံး၊ သီးခြားအခန်းမှာ စစ်ဆေးစီရင်ခြင်း၊ မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်သည့်ဝန်ထမ်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်သူများကိုသာ ရှိစေခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူ ကလေးသူငယ်၊ ပြစ်မှုကျူးလွန်ခံရသူ ကလေးသူငယ်များနှင့် ကလေးသူငယ် သက်သေများအတွက် တစ်ဦးချင်းလွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှု ပေးထားပါကြောင်းနဲ့ ကလေးသူငယ်နှင့် သင့်တော်တဲ့ပတ်ဝန်းကျင်မှာ စစ်ဆေးမေးမြန်းထွက်ဆိုစေခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အမှုများကို စစ်ဆေးစီရင်ရာမှာ သက်သေခံအက်ဥပဒေ အခန်း ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သက်သေများကို စစ်ဆေးရပါတယ်။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၃၇၊ ၁၃၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေတင်ပြသူဘက်က မိမိသက်သေကို စစ်ဆေးခြင်း၊ ဆန့်ကျင်ဘက်အမှုသည်က ပြန်လှန်စစ်မေးခြင်း၊ သက်သေတင်ပြသူဘက်က ထပ်မံစစ်ဆေးခြင်းတို့ဖြင့် စစ်ဆေးရခြင်းဖြစ်တာကြောင့် ပြစ်မှုကျူးလွန်သူရဲ့ရှေ့မှာပဲ ကလေးသူငယ်သက်သေကို စစ်ဆေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြစ်မှုကျူးလွန်သူဟု စွပ်စွဲခံရသူက ပြန်လှန်စစ်မေးခြင်းပြုနိုင်ရန် သက်သေများကို ၎င်း၏ရှေ့မှာ စစ်ဆေးရပါတယ်။

သက်သေခံအက်ဥပဒေပုဒ်မ ၁၁၈ မှာ အသက်အရွယ်နုနယ်သောကြောင့်လည်းကောင်း၊ အလွန်အိုမင်းသောကြောင့်လည်းကောင်း၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ ရောဂါစွဲကပ်ခြင်းကြောင့် သော်လည်းကောင်း အလားတူ အခြားအကြောင်းတစ်ခုခုကြောင့် မိမိအားမေးမြန်းတဲ့ မေးခွန်းများကို နားမလည်နိုင်သူ သို့မဟုတ် ဆင်ခြင်တိုင်းထွာ၍ ဖြေဆိုနိုင်ခြင်း မပြုနိုင်သူဟု တရားရုံးက ထင်မြင်ယူဆလျှင် ထိုသူကို သက်သေခံခွင့် မပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တရားသူကြီးဟာ ကလေးသူငယ်သက်သေ ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်တို့ကို စစ်ဆေးတဲ့ အခါမှာ မေးမြန်းတဲ့မေးခွန်းများကို နားလည်နိုင်သူ ဟုတ်၊ မဟုတ် သိရှိနိုင်ဖို့ ဦးစွာပထမ ပဏာမ မေးခွန်းများ မေးမြန်းပြီးမှ နားလည်နိုင်သူဖြစ်ကြောင်း မှတ်တမ်းတင်ပြီးမှသာလျှင် အမှုနှင့်ပတ်သက်၍ ကလေးသူငယ်များ နားလည်နိုင်တဲ့ စကားလုံးအသုံးအနှုန်းများဖြင့် မေးမြန်းကြရပါတယ်။ ဗမာ မဟုတ်သော တိုင်းရင်းသား သက်သေများဖြစ်ပါက ၎င်းတို့ဘာသာစကား တတ်ကျွမ်းနားလည်သူ စကားပြန်များဖြင့် တရားရုံးများက စစ်ဆေးမှုပြုပါတယ်။

စကားမပြောနိုင်သောသက်သေကို စာရေးသားပြခြင်း သို့မဟုတ် လက်ရိပ်ခြေရိပ်ပြခြင်း ကဲ့သို့ သူတစ်ပါးနားလည်နိုင်သော အခြားနည်းတစ်နည်းနည်းဖြင့် သက်သေတင်ပြနိုင်ခွင့်ရှိကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၁၁၉ တွင် ပြဋ္ဌာန်းချက်ရှိပါတယ်။ ဒါကြောင့် မသန်စွမ်းသော ကလေးသူငယ်များကို သက်သေခံအက်ဥပဒေပုဒ်မ ၁၁၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ၎င်းနားလည်နိုင်သော နည်းလမ်းများဖြင့် တရားရုံးများက စစ်ဆေးကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်မှုခင်းများကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အမှုအမြန် ပြီးပြတ်အောင် စစ်ဆေးရမယ်လို့ ကလေးသူငယ်ဥပဒေပုဒ်မ ၄၂(င)မှာ ပြဋ္ဌာန်းထားတာနဲ့အညီ ကလေးသူငယ်တရားသူကြီးများအား ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးက လစဉ်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ကြီးကြပ်ဆောင်ရွက် လျက်ရှိပါတယ်။

သို့ပါ၍ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရတဲ့ ကလေးသူငယ်တရားရုံးနဲ့ မြို့နယ် တရားရုံးအသီးသီးဟာ လက်တွေ့အမှုစစ်ဆေးစီရင်ရာမှာ ကလေးသူငယ်များအတွက် ဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ဆောင်ရွက်လျက်ရှိသောကြောင့် ကလေးသူငယ်သက်သေ များကို အကာအကွယ်ပေးခြင်း အစီအစဉ်ကို ပြန်လည်စိစစ်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ လိုရင်းမေးပါ။

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ ကျွန်မတို့ အထူး သဖြင့်တော့ နယ်စွန်၊ နယ်ဖျားမှာရှိတဲ့ တရားရုံးတွေမှာ ဗမာလိုမတတ်တဲ့ ကလေးသူငယ်တွေအတွက် မိခင်ဘာသာစကားနဲ့ ထွက်ဆိုဖို့အတွက် အခက်အခဲများ ရှိနေတုန်းပဲဆိုတာလည်း သိရပါတယ်။ နောက်ပြီးတော့ မသန်စွမ်းကလေးငယ်များအတွက် လက်သင်္ကေတ ဒါမှမဟုတ်လို့ရှိရင် အခြားနားလည် လွယ်တဲ့အမူအရာနဲ့ ကိုယ်စားပါဝင် ဆောင်ရွက်မှုတွေကိုလည်း လိုက်ပါဆောင်ရွက်နိုင်ခြင်းမရှိဘူး ဆိုတာလည်း ကျွန်မတို့ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီကို ရောက်ရှိ လာတဲ့ စာများအရ ကျွန်မတို့သိရှိရပါတယ်။ ပြီးတော့ ကလေးသူငယ်အမှုတွေကို မြန်ဆန်စွာစီရင်ဖို့ အတွက် ညွှန်ကြားထားသော်လည်း ကျွန်မရဲ့မြို့နယ်မှာဆိုရင် (၁)နှစ်ကျော်အထိရှိတဲ့ အမှုတွေများ လည်းရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလိုမျိုးဥပဒေများရှိသော်လည်း အောက်ခြေမှာ လိုက်နာမှု အားနည်းတဲ့အတွက်ကြောင့် အောက်ခြေမှာ ဥပဒေအတိုင်း လိုက်နာဖို့အတွက် ကြပ်မတ်ပေးဖို့ ကျွန်မအနေနဲ့ တောင်းဆိုလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ မေးခွန်းမှမဟုတ်ဘဲ။ တောင်းဆိုတာ ဖြစ်နေတယ်။ မေးခွန်းမေးလေ။ ဘာကို အထောက်အထားနဲ့။ အခုက တောင်းဆိုတဲ့အမှု မဟုတ်ဘူးလေ။ အခုက မေးခွန်းမေးတာ။ အခု များသောအားဖြင့် ကျွန်တော် ဒါ မေးခွန်းမေးတဲ့လူတွေ ကြည့်တယ်။ ကဏ္ဍက မေးခွန်းမေးတာ။ မေးခွန်း မေးတာဆိုတာ ဖြစ်သလား။ မဖြစ်ဘူးလား။ လုပ်နိုင်သလား။ မလုပ်နိုင်ဘူးလား။ ဒါကိုမေးတာ။ အခု များသောအားဖြင့် ခုနမေးသွားတော့လည်း အလေးအနက်မေတ္တာရပ်ခံပါတယ်တို့၊ ဘာတို့။ မေတ္တာရပ်ခံ တယ်ဆိုတာ မေးခွန်းမဟုတ်ဘူး။ လိုချင်သက်သက် သူ့ဟာသူ့စာရေးတောင်း။ အခုဟာ မေးခွန်းက အဖြေတစ်ခုရအောင်မေးတာ။ မေတ္တာရပ်ခံတာတို့၊ တောင်းဆိုတာတို့ လုပ်လို့မရဘူး။ အခုက မရှိဘူး ဆိုရင် ဘယ်မှာတော့ မရှိဘူးဆိုတာကို အတိအကျပြောလိုက်။ ဘယ်ရုံးမှာတော့ ဒီလိုမရှိဘူး။ အဲ့ဒါ ကြပ်မတ်ပေးဖို့။ အဲ့ဒါမျိုးဆိုရင်တော့ရမယ်။ ယေဘုယျနဲ့သွားမေးတော့။ သူကလည်း ဥပဒေအရပဲ ဖြေမှာပဲလေ။ အခုဘယ်ရုံးမှာဖြစ်နေတယ် အတိအကျပြောလိုက်။ အဲ့ရုံးမှာဆို ဒီလိုအခွင့်အရေး မရဘူး။ နယ်စပ်မှာဆိုလည်း နယ်စပ်ဘယ်မှာ အခွင့်အရေးမရဘူး။ ဒီလို အတိအကျမေးမှ ဖြေတဲ့လူလည်း

အတိအကျဖြေလို့ ရမှာပေါ့။ အခုကတော့ ဥပဒေအရ လုပ်နေတာကတော့ ခုနပြောသလို အောက်ခြေမှာတော့ မလိုက်နာဘူးဆိုတော့ သူတို့ဥပဒေအရကတော့ သွားနေတာပဲ။ အတိအကျပြောတဲ့အခါကျတော့ အဲ့ဒီလို မလိုက်နာလို့ရှိရင် ရှင်းရှင်းပြောရင် တိုင်လို့ရတယ်။ တိုင်လိုက် အဲ့ဒါမျိုးကျတော့။ ဒီလို မေးခွန်း မေးနေမယ့်အစား။ ဟုတ်တယ်မလား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်နန်းနီနီအေး ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် နန်းနီနီအေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ - ၄၈၂

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ သြဂုတ်လ ၂၀ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၃-၈-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးတို့က ၁၀-၈-၂၀၁၈ ရက်နေ့နှင့် ၁၄-၈ ၂၀၁၈ ရက်နေ့တို့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး

ဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၅-၈-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။　　အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အသင်းကြီးအနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား ပံ့ပိုးကူညီမှုပေးသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်း၍ လွတ်လပ်စွာဆောင်ရွက်နိုင်ရန်၊ မြို့နယ်အသင်းအလုပ်အမှုဆောင် ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီတွင် သက်ဆိုင်ရာမြို့နယ်များ၌ မိခင်နှင့်ကလေးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်နိုင်စေရန်၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ ရုံးအဖွဲ့ ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများ ခန့်ထားခြင်းတို့ကို ဘဏ္ဍာရန်ပုံငွေအပေါ် မူတည်၍ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် အသင်းအဆင့်ဆင့်တို့သည် သက်ဆိုင်ရာ စာရင်းစစ်ရုံးအဆင့်ဆင့်၏ စာရင်းစစ်ဆေးခြင်းကို စနစ်တကျ ခံယူဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အခြေခံ၍ ညှိနှိုင်းပြင်ဆင်ခဲ့ပါသည်။ ယင်းဥပဒေကြမ်းအပေါ် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ မြန်မာစာရေးထုံး မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ အရေးအသား ဆီလျော်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ ယခု ထပ်မံတင်ပြထားသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို လွှတ်တော်၏အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က) ရဲ့ ခြေဆင်း၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)(၂)(၃)(၄)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၃ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)၊အပိုဒ် ၁၃(က)(၁)(က)(၂)၊ အပိုဒ်၁၃(ခ)(၁)(ခ)(၂)၊ အပိုဒ် ၁၄(က)ခြေဆင်း၊ အပိုဒ်၁၄(က)(၁)မှ(၄)အထိ၊ အပိုဒ် ၁၄(ခ)(၃)၊ အပိုဒ် ၁၅(က)၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၄ အပိုဒ်ခွဲ(င)နဲ့(ဈ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၇ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက်အပိုဒ် ၂၄(င)(ဈ)၊ အပိုဒ် ၂၇(င)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆(ခ)၊ အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)ကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယနေ့အစည်းအဝေးမှာ အတည်ပြုလိုက်တဲ့ ပြင်ဆင်ချက်များက လွဲပြီးတော့ ကျန်တဲ့ ဥပဒေကြမ်းရဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြု ဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်ချက်အရ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၈-၄၈၁

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ် လ ၁၇ ရက်

၁။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း က ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၁၀ - ၈ - ၂၀၁၈ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေ

ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၅ - ၈ - ၂၀၁၈ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

## လေ့လာတွေ့ရှိချက်

၂။　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ဥပဒေကြမ်းရဲ့ခေါင်းစဉ်ကို ၂၀၁၈ ခုနှစ်၊ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေလို့ ပြင်ဆင်သင့်ကြောင်းနှင့် အချက်အလက်ပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်း အပိုဒ် ၂ မှာ ဖော်ပြထားတဲ့ စကားရပ်တွေကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်းနှင့် အပိုဒ် ၂ ရဲ့နောက်မှာ အပိုဒ် ၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

၂။　ရာဇသတ်ကြီးတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

15.　Imprisonment for life means imprisonment passed on a convicted person to serve in the prison until death.

၃။　ရာဇသတ်ကြီးပုဒ်မ ၅၃ တွင် ဒုတိယအပိုဒ်ကို အောက်ပါအတိုင်းအစား ထိုးရမည် -

Secondly.--Imprisonment for life;

၃။　မသန်စွမ်းသူများအပေါ် ပြစ်မှုကျူးလွန်ခဲ့မည်ဆိုပါက မသန်စွမ်းမှုအခြေအနေ၊ မသန်စွမ်းသူတို့ရဲ့အခွင့်အရေး၊ မသန်စွမ်းသူများရဲ့ ရပိုင်ခွင့်များကိုပါ ပြည့်စုံစွာ ထည့်သွင်းသုံးသပ်၍ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်သင့်ပါတယ်။ မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းလျှင် ပိုမိုသင့်လျော်မှာဖြစ်တဲ့အတွက် ယခုပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ဖော်ပြခြင်းမပြုဘဲ အဆိုပြု ပြဋ္ဌာန်းထားတဲ့ဥပဒေကြမ်း အပိုဒ် ၃ ကို အပိုဒ် ၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားတဲ့ ပုဒ်မ ၃၇၆၊ ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

(3)　Whoever commits rape against a girl who is under twelve years of age shall be punished with imprisonment for a term of twenty years, or imprisonment for life.

## ကော်မတီ၏ သဘောထားမှတ်ချက်

၄။　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ

လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံစာတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃-၉-၂၀၁၈ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် လယ်ယာ၊ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့်အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှု ကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်) တို့၏ လျော့ရဲပြီး အဂတိတရား မကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် လယ်ယာ၊ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန်လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကွယ်ကွယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ရဲ့ အဆိုကို အလေးအနက် ထောက်ခံ ဆွေးနွေးမှာဖြစ်ပါတယ်။ ဦးမျိုးဝင်း ရဲ့ မြို့နယ်မှာ ဖြစ်ပျက်နေသလို တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်အများအပြားမှာလည်း အဲဒီလိုတွေ ဖြစ်ပျက်ဆုံးရှုံးနစ်နာနေကြောင်း လွဲမှားနေကြောင်းကို ရှေ့လွှတ်တော်ကိုယ်စားလှယ်များကလည်း အသီးသီးဆွေးနွေးသွားကြလို့ အတော်ပင် စုံလင်နေပါပြီ။ အထက်မြန်မာပြည်ရဲ့ မြို့တော်ကြီးဖြစ်တဲ့ မန္တလေးမြို့တော်ကြီးမှာဆိုရင် ရှေးအစဉ်အလာတည်းက နာမည်ကျော် ရွှေတစ်ချောင်းမြောင်းကြီးကိုခွပြီး ဈေးသစ်ကြီးဆောက်ပြီး ဆိုင်ခန်းတွေရောင်းစားခဲ့လို့ သဘာဝပျက်ယွင်းသွားပါတယ်။ မန္တလေးမြို့ကို ဖြတ်သန်းစီးဆင်းခဲ့တဲ့ ရေနီမြောင်း ခေါ် ဆည်ရေပို့ လွှတ်တဲ့မြောင်းကြီးကိုလည်း အဖုံးတွေဖုံး၊ လမ်းခင်းပြီး လမ်းဘေး ဝဲ၊ ယာ မြေကွက်တွေကို အကွက်ရိုက် ရောင်းစားပြီးပါပြီ။ မီးရထားပိုင်မြေတွေပေါ်မှာ တိုက်ခန်းတွေဆောက်၊ ဈေးတွေဆောက် ရောင်းစားလို့ အခုအခါ မြို့တွင်း ယာဉ်ကြောသွားလာမှု လွယ်ကူစေရေးအတွက် ရထားလမ်း ခုံးကျော်တံတားများ ဆောက်လုပ်မယ်ဆိုလို့ရှိရင် အလွန်ခက်ခဲသွားပါတယ်။

ဒါတွေဟာ စီမံခန့်ခွဲမှုအမှားတွေ အလွဲတွေ ရေရှည်ကို အမြော်အမြင်ရှိရှိ မကြည့်ခဲ့တဲ့အမှား တွေဖြစ်ပါတယ်။ ရေဆိုးထုတ်မြောင်းကြီးကို အဖုံးပိတ်ပြီး ဟိုတယ်ကြီး ဆောက်ထားတာလည်းရှိပါ သေးတယ်။ မိုးရွာလို့ရှိရင် မန္တလေးမြို့ထဲက ကားလမ်းတွေပေါ်မှာ ရေတွေတင်ရတဲ့အကြောင်းအရင်း ထဲကတစ်ခုဖြစ်ပါတယ်။ ဦးမျိုးဝင်း အဆိုရဲ့ အဓိကကျတဲ့အပိုင်းကတော့ မြို့နယ်အုပ်ချုပ်ရေးပိုင်းဖြစ် ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးကို အဓိက ဆောင်ရွက်သူကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါတယ်။ စီမံခန့်ခွဲရေးကော်မတီ၊ လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ၊ မြေယာစိစစ်ရေးကော်မတီ၊ တည်ဆောက်ရေးကော်မတီ၊ ကော်ပေါင်းများစွာရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အဓိကအကျဆုံး အခြေခံအကျဆုံး အုပ်ချုပ်ရေး အစိတ်အပိုင်းယူနစ်ဖြစ်တဲ့ မြို့နယ်အုပ်ချုပ်ရေးကို မြို့နယ်အုပ်ချုပ် ရေးမှူးက ဆောင်ရွက်တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူက မြို့နယ်တစ်ခုရဲ့ အစိုးရဖြစ်ပါတယ်။ ကော်မတီတွေကို သူက စိတ်ကြိုက် ဖွဲ့နိုင်ပါတယ်။ ထည့်လိုသူတွေ ထည့်နိုင်ပါတယ်။ ပြည်သူ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါတဲ့ ကော်မတီတွေရှိပါတယ်။ မပါတဲ့ ကော်မတီတွေရှိပါတယ်။ ပါတဲ့ ကိုယ်စားလှယ်များကလည်း လွှတ်တော်တက်နေရတဲ့အတွက် အစည်းအဝေးတိုင်းကို မတက်ရောက်နိုင်ပါဘူး။

မြို့နယ်အုပ်ချုပ်ရေးမှူးဟာ အဲဒီမြို့နယ်က ပြည်သူတွေ ရွေးကောက်တင်မြှောက်ထားတဲ့ အဲဒီမြို့နယ်က ပြည်သူလူထုကို စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ နည်းလမ်းသဘောအရဖြစ်စေ၊ သဘာဝအရဖြစ်စေ ကိုယ်စားပြုသူမဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာကတော့ မြို့နယ်အုပ်ချုပ်ရေးစနစ်ဟာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မဟုတ်ပါဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးဟာ မြို့နယ်လူထုက ရွေးချယ်တင်မြှောက်ထားတာမဟုတ်တဲ့အတွက် မြို့နယ်လူထုရဲ့ လိုလားချက် ဆန္ဒတွေ၊ မြို့နယ်လူထုရဲ့ အကျိုးစီးပွားတွေ၊ မြို့နယ်ရဲ့ သမိုင်းကြောင်းအစဉ်အလာတွေ တန်ဖိုးတွေကို ကိုယ်စားပြုနိုင်မှာမဟုတ်တဲ့အတွက် ဦးမျိုးဝင်း ရဲ့ အဆိုမှာဖော်ပြထားတဲ့ မြေယာပြဿနာတွေ၊ လမ်းပြဿနာတွေ၊ ပတ်ဝန်းကျင်ပြဿနာတွေဟာ မြို့နယ်လူထုရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်ပြီး ပေါ်ပေါက်ခဲ့၊ ပေါ်ပေါက်နေဆဲဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးဟာ ဌာနဆိုင်ရာ ဝန်ထမ်းတစ်ယောက်သာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာ မြို့နယ်အဆင့် အကြီးအကဲတစ်ယောက်သာ ဖြစ်ပါတယ်။ မြို့နယ်အဆင့်ဝန်ထမ်းတစ်ယောက်က မြို့နယ်အုပ်ချုပ်ရေးကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ သူက ဗျူရိုကရေစီယန္တရားရဲ့ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ပြီး ဒီမိုကရေစီစနစ်မှာ ဆိုလို့ရှိရင် ဒီမိုကရေစီအုပ်ချုပ်ရေးလုပ်ငန်းကို အထောက်အကူပြုရမယ့် Staff သာ ဖြစ်ရမှာဖြစ်ပါတယ်။

အခုအခါမှာ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေဟာ ပြည်သူလူထု ရွေးချယ်တင်မြှောက်တဲ့ ဒီမိုကရေစီအစိုးရများ ဖြစ်လာကြပေမယ့်လည်း မြို့နယ်အဆင့်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် မဟုတ်သေးတဲ့အတွက် အထက်နဲ့အောက် လိုက်လျောညီထွေ မဖြစ်တာတွေရှိနေပါတယ်။ ဒါတွေကြောင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲတွေ၊ အလွဲအမှားတွေ၊ အံချော်မှုတွေ၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ မကိုက်ညီတာတွေ ဖြစ်လာပါတယ်။ ဦးမျိုးဝင်း ရဲ့ အဆိုမှာ ဒီအစိုးရလည်း ဘာမှမထူးပါဘူးကွာ ဆိုတဲ့အမြင်တွေ၊ အပြောတွေဟာ ပြည်သူလူထုကြားမှာ တဖြည်းဖြည်း ကျယ်လောင်လာတယ်လို့ ဆိုပါတယ်။ ဒီအစိုးရလည်း ဘာမှမထူးပါဘူးကွာ ဆိုတာထက် ပြည်သူလူထုရဲ့ အတွေး အမြင်မှာ ဒီမိုကရေစီဆိုတာလည်း ဘာမှမထူးပါဘူးကွာ ဆိုလျှင်ဖြင့် ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်မှာ အများကြီး အားနည်းသွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီ တည်ဆောက်ရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထုရဲ့ ဆန္ဒတွေ၊ အာသာဆန္ဒပြင်းပြမှုတွေ လျော့နည်းသွားမှာ အင်မတန်စိုးရိမ်ရပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးဟာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေကို တာဝန်ခံရတာဖြစ်ပေမဲ့ ဝန်ထမ်းပိုင်းဆိုင်ရာ၊ ဌာနဆိုင်ရာအရ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကိုလည်း တစ်နည်းတစ်လမ်း တာဝန်ခံရတာဖြစ်ပါတယ်။ ဆက်သွယ်မှု၊ တာဝန်ခံမှုစနစ်ဟာ ရှုပ်ထွေးနေပါတယ်။ ဒါကြောင့် လုပ်ငန်းများဆောင်ရွက်ရာမှာ ထိထိရောက်ရောက်၊ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ခြင်းမရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမျိုးဝင်း အဆိုရဲ့ နောက်ဆုံးအပိုင်းဖြစ်တဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးကို ထိန်းညှိပေးနိုင်မယ့် အစီအမံတစ်ခု ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးရန် တိုက်တွန်းခြင်း အဆိုကို ဆွေးနွေးပါမယ်ခင်ဗျား။ ဘယ်လိုအစီအမံတွေ ဆောင်ရွက်မှာလဲ။ ဘယ်လိုတွေဖြစ်သင့်ပါသလဲ။ ညွှန်ကြားချက်တွေထုတ်မယ်။ ကော်မတီတွေ သင့်လျော်တဲ့ လူပုဂ္ဂိုလ်တွေပါဝင်တဲ့ ကော်မတီတွေဖွဲ့မယ်။ ဒါတွေကတော့ လုံးလည်လိုက်နေမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေကိုယ်တိုင် ပါဝင်ဆောင်ရွက်အုပ်ချုပ်ရမှာ ဖြစ်ပါတယ်။ မြို့နယ်နေလူထု

ဟာလည်း မိမိမြို့နယ်၊ မိမိတို့အကျိုးစီးပွားအတွက် မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက် အုပ်ချုပ်ရမှာ ဖြစ်ပါတယ်။ အချို့နေရာများမှာ ကျွန်တော် အင်္ဂလိပ်အသုံးအနှုန်းလေးတွေသုံးတာကို ခွင့်ပြုပါခင်ဗျား။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးများရဲ့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ Town, Township, Council, District, Borough စတဲ့ အမည်အမျိုးမျိုးနဲ့ အောက်ခြေအုပ်ချုပ်ရေးယူနစ်များမှာ မြို့နယ်နေလူထုက တိုက်ရိုက်ရွေးချယ်ခန့်အပ်တဲ့ ဘုတ်အဖွဲ့၊ Trustee, Council စသည့် အမည်အမျိုးမျိုးရှိကြတဲ့ အုပ်ချုပ်ရေးအဖွဲ့များက အုပ်ချုပ်ပါတယ်။ မြို့ရဲ့ မြေယာစီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ မြို့စည်ပင်သာယာရေး၊ သက်ကြီးစောင့်ရှောက်မှု၊ မီးသတ်လုပ်ငန်း၊ ရဲလုပ်ငန်းစတဲ့ လုပ်ငန်းများကို ပြည်ထောင်စုဥပဒေ၊ ပြည်နယ်ဥပဒေများနှင့် မဆန့်ကျင်ဘဲ စီမံခန့်ခွဲအုပ်ချုပ်နိုင်ကြပါတယ်။ ဒီလို စနစ်မျိုးဟာ ပြည်သူလူထုက တိုက်ရိုက်ပါဝင်ပတ်သက်မှု Direct Citizen's Involvement လို့ ခေါ်တဲ့ ပြည်သူလူထု တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိလို့ ပြည်သူလူထုရဲ့ အနီးစပ်ဆုံးလုပ်ပိုင်ခွင့် Immediate Mandate ကိုရရှိတဲ့အတွက် မြို့နယ်ရဲ့ အကျိုးစီးပွားအတွက် မြို့နယ်နေလူထုရဲ့ဆန္ဒနှင့် မျှော်မှန်းချက်များကို အကောင်းဆုံး အနီးစပ်ဆုံး စီမံအုပ်ချုပ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ဦးမျိုးဝင်း ရဲ့ အဆိုမှာ ဖော်ပြခဲ့တဲ့ ကိုယ်စားလှယ်များ အသီးသီး ဆွေးနွေးခဲ့ကြတဲ့ မြို့နယ်များရဲ့ပြဿနာများကို အကောင်းဆုံး အထိရောက်ဆုံး ဖြေရှင်းနိုင်ဖို့ အနာဂတ်ကာလမှာလည်း မြို့နယ်လူထုရဲ့အကျိုးစီးပွား၊ နိုင်ငံရဲ့အကျိုးစီးပွားကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ဆိုလို့ရှိရင် ခေတ်အခြေအနေနဲ့ကိုက်ညီမယ့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး ဥပဒေတစ်ခု ဒါမှမဟုတ် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းခြင်းဖြင့် သင့်တော်ရာတစ်ခုခုကို ဆောင်ရွက်ခြင်းဖြင့် မြို့နယ်အုပ်ချုပ်ရေးစနစ်ကြီးတစ်ခုလုံးကို ပြုပြင်ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအား ဒီလို ဆောင်ရွက်ပါရန် တိုက်တွန်းကြောင်း အကြံပြုရင်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးဝင်း ရဲ့ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ၏ အဆိုမှာ အပိုင်း(၁)အနေဖြင့် မြန်မာနိုင်ငံတွင် လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေခြင်းအပိုင်းမှာ လယ်ယာမြေများ၊ စားကျက်မြေများ၊ မြေလွတ်၊ မြေရိုင်းများ ယခင် အစိုးရများလက်ထက်က အကွက်ဖော် ရောင်းချရုံတင်မက ဥပဒေအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ မိမိလိုအပ်သလို သိမ်းဆည်းခဲ့မှုများရှိခဲ့သော်လည်း လယ်ယာမြေ အကွက်ဖော် ရောင်းချနေမှုများသည် ယနေ့အချိန်ထိ ရှိနေသေးကြောင်း လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှ

မြို့နယ်နယ်နိမိတ် Main လမ်းကျသော လယ်ယာမြေများတွင် ဥပဒေမဲ့ ဆောင်ရွက်လုပ်ကိုင်မှု အသီးသီး ရှိကြသည်ကို တင်ပြဆွေးနွေးသွားကြသည်မှာ လူမသေဖူးတဲ့အိမ်မှ မုံညင်းဆီ ရှာခိုင်းတော့ မသေဖူးတဲ့ အိမ်မတွေ့ရသလိုပါပဲ လယ်ယာမြေ ပြဿနာမရှိတဲ့မြို့နယ်များလည်း တွေ့ရမှာမဟုတ်ပါဘူး။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမျိုးဝင်း ၏အဆိုမှာ မြို့ပေါ်နှင့် ကျေးလက်ရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်မည် စိုးရိမ်ပါသဖြင့်ဟု ဆိုထားပါတယ်။ ကျေးရွာများရှိ ချန်လှပ်ထားသောမြေတွင် စားကျက်မြေများလည်း ပါဝင်သည်ဟု ဆိုရပါမယ်။ စကားမပြောတတ်သူများနေရာတွင် စကားပြောတတ်သူများ ဝင်ရောက်လုယက်နေကြသည်မှာ မိမိကိုယ်ကိုယ် ဘယ်အဆင့်ရောက်သွားသည်ကို မသိကြလေရော့သလားဟု ထင်မြင်မိပါတယ်။ ယခုအနေအထား မြေသိမ်းဆည်းမှု မကြားရပေမယ့် ကျေးရွာချင်းဆက်လမ်းများအတွင်း လမ်းချဲ့ရင်တော့ လယ်ယာမြေသမားများထံ ကျေနပ်သည်အထိ အလျှုခံ ကျွန်တော်ကိုယ်တိုင်လည်း အလျှုခံဖူးပါတယ်။ မြို့ ရွာနယ်နိမိတ် ကတ္တရာလမ်းဘေးကတော့ ယခင်ရော၊ ယခုရော ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းမရှိဘဲ ကာယကံမြောက် စီမံဆောင်ရွက်နေကြပါ၍ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ဝစီကံဖြင့် ဆွေးနွေးနေကြရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေ ပြဿနာ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းပြဿနာ နိုင်ငံတော်အဆင့်မှသည် မြို့နယ်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းကာ ဖြေရှင်းဆောင်ရွက်နိုင်အောင် ကြိုးစားပေမယ့် ပြဿနာများက မီးခိုးကွက်လျှောက် ရှင်းလို့မရနိုင် အမယ်ဘုတ်ရဲ့ သူ့ချည်ခင် အစရှာမရသလိုပါပဲ။ အစရှာမရပါဘူးဆိုကာမှ ကော်သုတ်သူများကလည်း ရှိပါသေးတယ်ဆိုတာ လက်တွေ့ပကတိအခြေအနေပါခင်ဗျား။ ကော်သုတ်သူများကတော့ အဆိုရှင်ဦးမျိုးဝင်း အဆိုမှာ တင်ပြတဲ့ အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများဖြစ်တဲ့ (ကော်သုံးကော်)ပါပဲခင်ဗျား။ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီတို့သည် အဓိက စီမံခန့်ခွဲရေးကော်မတီအောက်တွင် ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။ ဥပမာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအောက်တွင် ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီများရှိပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၇)ပုဒ်မ ၁၃ ပုဒ်မခွဲ(ပ)တွင် နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများတွင် ခွင့်ပြုချက်မရှိပဲ ကျူးကျော်ခြင်း၊ အိမ်စု အသစ်ဆောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ နေအိမ်အဆောက်အအုံ ဆောက်လုပ်ခြင်းတို့အား တားမြစ်ခြင်း မလိုက်နာပါက အရေးယူရန်အကြောင်းကြားခြင်းဆိုတဲ့ ပုဒ်မ ပါသလို ပုဒ်မ ၁၃ ပုဒ်မခွဲ(မ)တွင် ရွာများအတွက် ရွာမြေများအတွင်း မြေနေရာများကို ချထားပေးမည်ဆိုပါက မြို့နှင့် ကျေးရွာမြေများ ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ကြဖို့ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှ ပြဋ္ဌာန်းထားပါ၍ ၂၀၁၂ ခုနှစ် မတိုင်မီ ဘယ်လိုအုပ်ချုပ်စီမံဆောင်ရွက်ခဲ့ပါသလဲ ဥပဒေပြဋ္ဌာန်းပြီးသော်လည်း ဥပဒေအရ ကျေးရွာမှ မြို့နယ်၊ မြို့နယ်မှသည် နိုင်ငံတော် အဆင့်ဆင့်ထိ စီမံဆောင်ရွက်မှုများသည် အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ခဲ့ပါ၍ ထိရောက်စွာ အရေးယူပြီး ထိန်းညှိပေးပါရန် လိုအပ်လာပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့် ကျွန်တော်တို့ နယ်မြေမှာ ဆိုရင် လယ်ယာမြေပိုင်ဆိုင်မှုမရှိဘဲနဲ့ ကျွန်တော်တို့ လယ်ယာမြေစာအုပ်လုပ်ထားတာ ဒါ အတုလို့လည်း ပြောလို့ရပါတယ်။ ဘဏ်က ငွေချေးဖို့ လုပ်ထားတာပါ။ တချို့စာအုပ်တွေကတော့ လယ်ယာမြေဧကကို ကျွန်တော်တို့ ပြုပြင်ဖန်တီးထားတဲ့စာအုပ်တွေ လက်ရှိ ရှိပါတယ်။ အဲဒီတော့ ကျွန်တော့် မဲဆန္ဒနယ်မြေ အောက်ခြေ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးအဆင့် စီမံခန့်ခွဲမှုကော်မတီ၊ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီတို့မှာ လွဲမှားသော စီမံခန့်ခွဲမှုများကြောင့်ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လုပ်ရဲရတာ လဲလို့ ဆန်းစစ်ကြည့်တော့ ၃၀-၃-၂၀၁၂ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေဥပဒေ ပုဒ်မ ၄၀ အာဏာကို အကာအကွယ်ယူပြီး ဆောင်ရွက်ခဲ့ကြလို့ပါပဲ။ ပုဒ်မ ၄၀ မှာ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ် အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်ရှိ အဖွဲ့ဝင်များကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရဟု ဆိုထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အဲဒီ ပုဒ်မကို ပယ်ဖျက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ အားလုံးလည်း အသိပဲဖြစ်ပါတယ်။ အလုံးစုံ ပြီးပြည့်စုံအောင် ဆောင်ရွက်ဖို့လည်း ကျန်သေးတယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များ တာဝန်ရှိပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးဆုံးကိစ္စကတော့ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ တို့၏ မြေကြီး၊ မြေပုံလိုချင်သလို ရေးဆွဲနေတဲ့ ကိစ္စပါ။ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ဧက၊ ဆည်မြောင်းဦးစီးဌာန၊ ရေပေးဧက၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ တန်းညှိရေးမှတ် ဧရိယာများမဟုတ်ဘဲ အမှန်တကယ် မြေပြင်မှာရှိသော ဧရိယာများ မှန်ကန်တဲ့ မြေပြင်ဧရိယာဖြစ်ဖို့ လိုအပ်နေပါပြီ။ ကချင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို တင်ပြဆွေးနွေးသော မိမိနိုင်ငံအတွင်း တရုတ်လူမျိုးများ တစ်သျှူးငှက်ပျောပင်များ လာရောက်စိုက်သည့် အကြောင်းအရာနှင့် ပတ်သက်၍သော်လည်းကောင်း၊ အဆိုနှင့်ပတ်သက်၍ သော်လည်းကောင်း ကျွန်တော်တို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၅ မှာ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသား တိုင်း၏ တာဝန်ဖြစ်သည်ဟု ဆိုထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ၏ အဆိုသည် စည်ပင်သာယာရေး ကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ (ကော်သုံးကော်)တို့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်ချက်များ မှန်ကန်တည့်မတ်စေဖို့ ရည်ရွယ်သော အဆိုဖြစ်ပါသောကြောင့် ကျွန်တော့်အနေဖြင့် ထောက်ခံဆွေးနွေးပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ် ဖြစ်ပါတယ်။ မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် ဦးမျိုးဝင်း ရဲ့ အဆိုပေါ်မှာ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိစစ်ပြောရရင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မြေယာတွေကို ယခုလို စည်းကမ်းမဲ့စွာ လိုသလို ကိုယ်ကျိုးရှာ အသုံးချမှုတွေဟာ (ကော်သုံးကော်)ရဲ့ စီမံကွပ်ကဲမှုအောက်မှာ အဆိုရှင်တင်ပြတဲ့ မြေတွေအပြင် အခြားသော မြေအမျိုးအစားနှင့် မြေအတန်းစား တွေပါ ထိခိုက်နေပါတယ်။ ဥပမာ သစ်တောမြေတွေ၊ အစိုးရဌာနပိုင်မြေတွေ၊ ရေတွင်းရေကန်မြေတွေ၊ လမ်းမြေ၊ သုသာန်မြေ၊ စားကျက်မြေ၊ ပန်းခြံမြေ၊ အားကစားမြေ၊ သာသနာမြေ၊ မြေနုကျွန်းမြေ၊ မြေလွတ်မြေရိုင်းများ၊ မြစ်ချောင်းအင်းအိုင် ဝဲယာကမ်းပါးမြေတွေ၊ ပင်လယ်ကမ်းစပ်က မြေတွေ၊ ပင်လယ်ထဲက ကျွန်းမြေအထိ ဥပဒေမဲ့သုံးစွဲခြင်း ခံနေရပါတယ်။ ဥပဒေမဲ့ သုံးစွဲပုံကလည်း တစ်နိုင်ငံလုံး ဇာတ်တိုက်ထားတယ်ထင်ရလောက်အောင် နိုင်ငံတစ်ဝန်း တစ်နေရာနှင့်တစ်နေရာဖြစ်ပျက် နေပုံတွေဟာ ထပ်တူပုံစံတူတွေပါပဲ။ မြေအမျိုးအစားနှင့် မြေအတန်းစားနှစ်မျိုးအပေါ်မှာ အိမ်တွေ၊ ဂိုဒေါင်တွေ၊ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ ဟိုတယ်တွေ၊ ဓာတ်ဆီဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေ၊ ကွန်ဒိုတွေဆောက်တာ စသဖြင့် ဥပဒေမဲ့ ဆောင်ရွက်ခဲ့ကြလို့ မြို့ရွာကြီးကြီးငယ်ငယ်အားလုံးမှာ ယခင်က စနစ်တကျရှိခဲ့တဲ့ Town Plan တွေ၊ Village Plan တွေ ပျက်စီးခဲ့ရပါတယ်။ ရှေးက မြို့ရွာတွေတည်တဲ့အခါ ကျွန်တော်တို့ရဲ့ဘိုးဘွားတွေက အမြော်အမြင်ကြီးစွာနဲ့ မြို့ရွာအတွက် ရေတွင်း ရေကန်တွေ၊ စေတီဘုရားကျောင်းကန်တွေ၊ တည်းခိုဖို့ဇရပ်တွေ၊ စုဝေးဖို့မြေကွက်လပ်တွေပါဝင်တဲ့ အိမ်ခြံကွက်တွေ၊ လမ်းမတွေကို စနစ်တကျ အကွက်ချတည်ထောင်ပေးခဲ့ကြပါတယ်။ မြို့အဝင်၊ ရွာ အဝင်လမ်းမကြီးတွေမှာ အရိပ်ကောင်းတဲ့ ညောင်ပင်လို နှစ်ရှည်ပင်ကြီးတွေ၊ လောင်စာအတွက် ထင်းစိုက်ခင်းတွေ၊ အဆောက်အအုံတွေမှာ သုံးဖို့အတွက် မွေးမြူထားတဲ့ ဘုံပိုင်သစ်တောတွေ၊ ကျွဲ၊ နွား တွေအတွက် စားကျက်မြေတွေ၊ ရိက္ခာနှင့် စီးပွားရေးအတွက် လယ်ယာမြေတွေကို စနစ်တကျ ဖော်ဆောင်ခန့်ခွဲခဲ့ကြလို့ စေတီဘုရားကျောင်းကန်တွေနဲ့ သာယာသန့်ရှင်းလှပတဲ့ မြို့ရွာများအဖြစ် တစ်ချိန်တုန်းက တကယ်တည်ရှိခဲ့ကြတာပါ။ အခုအချိန်မှာတော့ အတိတ်က ခမ်းနားသာယာလှပမှုတွေ အစား အဲဒီမြို့ရွာတွေမှာ ပြန်လည်ကုစားဖို့တောင် မလွယ်တော့တဲ့ ပြဿနာများစွာတက်နေတဲ့ ဂေဟ စနစ်ပျက်နေတဲ့၊ ယာဉ်ကြောတွေကျပ်သိပ်နေတဲ့၊ လေထုညစ်ညမ်းမှုတွေဖြစ်နေတဲ့၊ အမှိုက်တွေရှုပ်ပွ နေတဲ့ ရေစီးရေလာမကောင်းတော့တဲ့၊ ကျန်းမာရေးထိခိုက်စေနိုင်တဲ့ မြို့ရွာများအဖြစ် တွေ့မြင်ရတာ အင်မတန်မှပဲ စိတ်မချမ်းမြေ့ဖွယ်ရာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူဆိုတာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ သဟဇာတဖြစ်အောင် နေထိုင်ရတဲ့ သတ္တဝါပါ။ လူဆိုတာ ဖောက်ပြန်တတ်သော အကျင့်ဆိုးရှိတဲ့ သတ္တဝါလဲဖြစ်လို့ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးငြိမ်းချမ်းသာယာတိုးတက်စေဖို့ ကိုယ်ကျင့်တရားစံနှုန်းတွေ၊ လူတိုင်းလိုက်နာကျင့်သုံးနိုင်တဲ့ တရားမျှတတဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ ကဏ္ဍပေါင်းစုံမှာ ပြဋ္ဌာန်းပြီး ထိန်းကျောင်းကြရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြတဲ့ ပြဿနာတွေဟာ ဘာကြောင့်ဖြစ်ခဲ့ရသလဲဆိုတာ ဆန်းစစ်ရင် အရင်းစစ်ရင် အမြစ်မြေကဆိုသလို အခြေခံအကျဆုံးကတော့ မြန်မာနိုင်ငံရဲ့ သမိုင်းတစ်လျှောက်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြေယာဥပဒေတွေကြောင့်ပါပဲ။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။ မြန်မာ့သမိုင်း ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့တဲ့ မြေယာဥပဒေများဟာ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို တိုက်ရိုက်ဖြစ်စေ၊ ကိုယ်စားပြုသူများဖြင့် သွယ်ဝိုက်၍ဖြစ်စေ ရေးဆွဲဆောင်ရွက်ဖို့ အားနည်းချို့ယွင်းခဲ့ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့ သီးခြားရပ်တည်ခွင့်ကို အခြားသော မဏ္ဍိုင်တစ်ရပ်ဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ စီမံခန့်ခွဲမှုအောက်မှာ သက်ဆိုင်ရာဌာနများရဲ့ ကျွမ်းကျင်သူ ပညာရှင်ဆိုသူများက အုပ်ချုပ်သူအလိုကျ တစ်ဖက်သတ်ရေးဆွဲခဲ့ခြင်းက မြေယာဥပဒေကို ပြည်သူတွေ ကျင့်သုံးလိုက်နာဆောင်ရွက်မှု စည်းနှောင်မှုအားနည်းစေခဲ့လို့ အဆိုရှင်တင်ပြတဲ့ကိစ္စရပ်တွေ ပေါ်ပေါက်လာရခြင်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ပဒေသရာဇ်ခေတ်၊ ကိုလိုနီလွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့သမိုင်းခေတ်အဆက်ဆက် အုပ်ချုပ်သူအစိုးရတွေရဲ့ နိုင်ငံရေးပေါ်လစီ မူဝါဒတွေပြောင်းတိုင်း ဥပဒေတွေကို နိုင်ငံအကျိုး ပြည်သူ့အကျိုးမဟုတ်ဘဲ အုပ်ချုပ်သူလူတန်းစားတွေကို အကာအကွယ်ပေးဖို့ အစိုးရ တစ်မျိုးနှင့်တစ်မျိုး မရိုးရအောင် ပြဋ္ဌာန်းခဲ့ကြပါတယ်။ ပေါ်လစီမူဝါဒတွေမငြိမ်လို့ ဥပဒေတွေ မခိုင်မာခြင်းဖြစ်ပါတယ်။ ဥပဒေရဲ့သဘော သဘာဝမှာ တရားခြင်းက ဥပဒေရဲ့ အသက်ဝင်ခြင်းဖြစ်ပြီး မျှတခြင်းက ဥပဒေရဲ့ အသက်သွေးကြော ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့လည်း မြေသိမ်းခြင်း၊ မြေပေးခြင်းနှင့် မြေအကျိုးစီးပွားဖော်ဆောင်ပေးခြင်း စတဲ့ မြေတွေနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို လက်ရှိတည်ဆဲမြေယာဥပဒေအရ ကျင့်သုံးလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ပေးမယ်ဆိုရင်တောင်မှ အဆိုရှင်တင်ပြတဲ့ ပြဿနာတွေဖြစ်ပွားမှု နည်းပါးမှာဖြစ်ပါတယ်။ ဥပမာ ၁၈၉၄ ခုနှစ်၊ မြေသိမ်း အက်ဥပဒေပြဋ္ဌာန်းချက်တွေအတိုင်း မြေသိမ်းဆည်းခဲ့မယ်ဆိုရင် အခုလို ပြဿနာတွေ များပြားမှာ မဟုတ်ပါဘူး။ နောက်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ရှိသူက အစိုးရဘဏ် ဒါမှမဟုတ် ဤကိစ္စအလို့ငှာ အစိုးရသတ်မှတ်ထားသော ဘဏ်တစ်ခုခု၌ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်မူရင်းကိုပေးအပ်၍ ပါဝင်နိုင်သည်လို့ ပုဒ်မ ၄၈(ခ)အရ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ **“ကျွေးကား ကျွေး၏မဝ”၊ “ပေးကား ပေး၏မရ”**ဆိုသလို တောင်သူတွေအတွက် ယနေ့အချိန်အထိ လယ်ယာမြေကို ပေါင်နှံခွင့်ပြုသော အစိုးရဘဏ် ဒါမှမဟုတ် ပုဂ္ဂလိကဘဏ် တစ်ခုမှမရှိသေးပါ။ စိုက်ပျိုးရေးဘဏ်ကထုတ်ပေးတဲ့ အမတော်ချေးငွေတွေနဲ့ တောင်သူတွေဟာ သူတို့ရဲ့ လယ်ယာတွေကို လုပ်ကိုင်ရင်း ဘဝတွေကို အသက်ဆက်နေရပါတယ်။ ဒါကြောင့် တောင်သူတွေဟာ လူမှုရေး၊ စီးပွားရေး အကျပ်အတည်းတွေကြုံတိုင်း မိမိတို့ လုပ်ပိုင်ခွင့်ရှိတဲ့ လယ်ယာမြေတွေကို ဥပဒေမဲ့ စိတ်ပိုင်းရောင်းချပြီး ဖြေရှင်းခဲ့ရတာကြောင့်လည်း အဆိုရှင်တင်ပြတဲ့ ပြဿနာဖြစ်စေတဲ့ ရင်းမြစ်တစ်ခုဖြစ်လာတာပါ။

နောက်တစ်ခုက မြေလွတ်၊ မြေလပ် စီမံခန့်ခွဲရေးဥပဒေများမှာပါတဲ့ ပုဒ်မ ၁၀(က) ပုဒ်မခွဲ ၄ မှာ ဒေသခံတောင်သူများနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး လုပ်ကိုင်သူများအတွက် (၅၀)ဧကသာ ခွင့်ပြုထားသော်လည်း ပုဒ်မ ၁၀(က) ပုဒ်မခွဲ ၁၃ မှာ ဒေသခံမဟုတ်တဲ့ လုပ်ငန်းရှင်တွေအတွက် မြေလွတ်၊ မြေလပ်လျှောက်ထားရာမှာ တစ်ကြိမ်လျှင် ဧက(၅၀၀၀)ခွင့်ပြုပြီး (၇၅)ရာခိုင်နှုန်း အကောင်အထည်ဖော်ပြီးပါက ထပ်မံ၍ တစ်ကြိမ်ဧက (၅၀၀၀)ထက်မပိုဘဲ စုစုပေါင်းဧက (၅၀၀၀၀)အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းချက်များကလည်း ပြည်သူတွေကြားမှာ ဘယ်လိုမှမမျှတတဲ့ ဥပဒေပုဒ်မလည်းဖြစ်နေပါတယ်။ ဒီထက်ဆိုးတာက အစိုးရဌာနတွေနဲ့ လုပ်ငန်းရှင်တွေကို ခွင့်ပြုပေးလိုက်တဲ့ မြေလွတ်မြေရိုင်းတွေက သက်ဆိုင်ရာ တာဝန်ရှိသူတွေက စနစ်တကျ ကွင်းဆင်း၊ တိုင်းတာ၊ စိစစ်၊ စစ်ဆေး ညှိနှိုင်းသတ်မှတ်ပေးခဲ့တာမဟုတ်ဘဲ မြေပုံစာရွက်တွေပေါ်မှာ ပေးအပ်ခဲ့ခြင်းတွေက ပိုများပါတယ်။ လုပ်ပိုင်ခွင့်ချပေးလိုက်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းထဲမှာ ဒေသခံတောင်သူတွေရဲ့ ပြေစာပေါက်အမည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မလုပ်နိုင်လို့ လှပ်ထားတဲ့မြေတွေ ပြေစာလည်းရှိတယ်။ လက်ရှိစိုက်ပျိုးနေဆဲမြေတွေ၊ ကြေးတိုင်ပြင်ပမှာရောက်နေတဲ့ ဒေသခံတိုင်းရင်းသားများ အမှန်တကယ်စိုက်ပျိုးနေတဲ့ တောင်ယာမြေတွေ၊ မိရိုးဖလာပိုင်မြေတွေ စသည်ဖြင့် ပုံစံအမျိုးမျိုးနဲ့ ဒေသခံတွေရဲ့ မြေယာတွေ ပါဝင်သိမ်းဆည်းခံရလို့ ဒေသခံတောင်သူတွေနဲ့ လုပ်ပိုင်ခွင့်ရသူ လုပ်ငန်းရှင်တွေကြား ပဋိပက္ခဖြစ်လာစေတာပါ။ အဲဒီကမှတစ်ဆင့် အဆိုရှင်တင်ပြတဲ့ ပြဿနာတွေ ဆင့်ကဲဖြစ်ထွန်းလာစေတာအမှန်ပါပဲ။ မြေတွေရယူထားသော်လည်း သတ်မှတ်ချိန်အတွင်း စီမံကိန်းတွေ အကောင်အထည်မဖော်ခြင်းကြောင့်လည်း ပြဿနာတွေ ထပ်ဆင့်ဖြစ်ပွားလာခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်တစ်အိမ်မှာ ခြတွေစားလို့၊ ဓာတုပစ္စည်းလောင်စာတွေထားမိလို့ စတဲ့အကြောင်းတွေကြောင့်မဟုတ်ဘဲ ခေါင်မိုးကမလုံလို့ဖြစ်တဲ့ မိုးယိုခြင်းကြောင့်ဖြစ်တဲ့ ကြမ်းဆွေးတာမျိုးဆိုရင် ခေါင်မိုးကို ပေါက်နေရင်ဖာ၊ ပျက်နေရင်ပြင်၊ မကောင်းရင် အသစ်လဲပါမှ ခဏခဏကြမ်းဆွေးလို့ ကြမ်းခင်းအသစ် အကြိမ်ကြိမ်လဲရခြင်းမှ ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်တင်သွင်းတဲ့ ပြဿနာရဲ့ ဇာစ်မြစ်ဖြစ်တဲ့ ပျက်နေတဲ့ ခေါင်မိုးနဲ့တူတဲ့ မြေယာဥပဒေတွေကို ပြင်ရပါမယ်။ ခေါင်မိုးရဲ့ Structure Design နဲ့ တူတဲ့ (ကော်သုံးကော်)အဆင့်ဆင့်ရဲ့ အဂတိမကင်းတဲ့ လုပ်ရပ်တွေကိုလည်း ဖော်ထုတ်အရေးယူသင့်ပါတယ်။ ထို့အတူ မြေကြီး၊ မြေပုံတွေကိုလည်း မှန်ကန်အောင် ပြန်လည်ရေးဆွဲဖို့ အချိန်ကျရောက်နေပြီဖြစ်ပါတယ်။ ထို့အတူ တည်ဆဲမြေယာပါ ဥပဒေပါ ဒေသခံတောင်သူတွေရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ လိုက်နာကျင့်သုံးနေတာတွေကို ပြည်သူတွေသိအောင် Awareness လုပ်ပေးဖို့လည်း လိုပါတယ်။ စွန့်လွှတ်မြေများကို မူလပိုင်ရှင်တောင်သူများထံ ရရှိအောင် မှန်မှန်ကန်ကန်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ယခုဆိုရင် မြေယာဥပဒေတွေကို ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေကို တိုက်ရိုက်ဖြစ်စေ၊ ပြည်သူကိုယ်စားပြုသူများနဲ့ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ရေးဆွဲနိုင်ခွင့်ရှိလို့ အင်မတန်မှ ကျေနပ်ဝမ်းမြောက်စရာပါ။ သို့သော်လည်း မြန်မာနိုင်ငံမှာ တိုင်းရင်းသား (၁၃၅)မျိုးရှိပါတယ်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို ပင်မအားထားပြီး လုပ်ကိုင်နေကြပါတယ်။ တိုင်းရင်းသားပေါင်းစုံရဲ့ ယဉ်ကျေးမှုပေါင်းစုံ၊ ဓလေ့ထုံးတမ်း အဖုံဖုံရှိတာမို့ မြေယာနဲ့ပတ်သက်လာရင် အသုံးချမှုစနစ် ကွဲပြားနိုင်ပါတယ်။ ရာသီဥတုနဲ့ မြေမျက်နှာသွင်ပြင် ကွဲပြားခြားနားတာကြောင့် အဓိကစိုက်ပျိုးတဲ့ သီးနှံတွေလည်း ကွဲပြားနိုင်ပါတယ်။

ဒါကြောင့် မြေယာဥပဒေတွေကို ပြုပြင်ရေးဆွဲတဲ့အခါ နိုင်ငံရဲ့ အဓိကစားသုံးတဲ့ ရိက္ခာဖြစ်တဲ့ စပါးသီးနှံတစ်မျိုးတည်းပေါ်မှ အခြေပြုရေးဆွဲပြဌာန်းမှုမဟုတ်ဘဲ သက်ဆိုင်ရာဒေသသီးနှံစိုက်တဲ့ စိုက်ပျိုးသီးနှံတွေအပေါ်မှာ အခြေပြုရေးဆွဲတဲ့ ဥပဒေဖြစ်ဖို့လည်း လိုအပ်ပါတယ်။ တိုင်းရင်းသား တွေရဲ့ မိရိုးဖလာ မြေအသုံးချမှုကို အသိအမှတ်ပြုတဲ့ မြေယာဥပဒေဖြစ်ဖို့လည်း လိုပါတယ်။ ယခု အချိန်မှာ နိုင်ငံတော်အနေနဲ့ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ဖို့အတွက် ပြည်ထောင်စု ညီလာခံကို ဒါအစည်းအဝေး သုံးကြိမ်မြောက် ကျင်းပပြီးဖြစ်ပါတယ်။ အဲဒီအစည်းအဝေးတွေမှာ ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက်ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ နိုင်ငံတစ်ဝန်းမှာ ကျင်းပ ခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲများကနေ ပြည်သူ့အသံ ပြည်သူ့သဘောထား ဆန္ဒတွေပါတဲ့ အနာဂတ် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမှာ ကျင့်သုံးရမယ့် မြေယာဥပဒေတွေရေးဆွဲဖို့ မြေယာမူဝါဒ (၁၂)ချက်ကို ပြည်ထောင်စု သဘောတူစာချုပ် (၁) နဲ့ (၂)အဖြစ် ပေါ်ထွက်လာပြီဖြစ်လို့ အားတက်ဖွယ်ရာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လောလောဆယ်မှာတော့ မြစ်တစ်ဖက် ကမ်းကနေ အခြားတစ်ဖက်ကမ်းကိုရောက်ဖို့ လှေပေါ်က်နဲ့ မြစ်ရေပြင်ကို ဖြတ်ကူးရတဲ့အခါ လက်တစ်ဖက်က လှော်တက်ကိုကိုင် လှေကိုထိန်းကျောင်းပြီးတော့ကိုင်ရင်း အခြားလက်တစ်ဖက်က လှေဝမ်းထဲဝင်လာတဲ့ရေကို ခပ်ထုတ်ရင်း လိုရာခရီးကို သွားရသလို ကျွန်တော်တို့တစ်တွေ လက်တွေ့မှာ ကြုံတွေ့နေရပါတယ်။ မြေယာဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ ပြည်သူ့ကိုယ်စားလှယ်တွေက ကြိုးစား အားထုတ်နေသလို တစ်ချိန်တည်းမှာပဲ အကျင့်ပျက်သူတွေကို အရေးယူဆောင်ရွက်ဖို့ကိုလည်း ပြည်ထောင်စုအစိုးရအနေနဲ့ စီမံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရကို တိုက်တွန်းပြီး ဦးမျိုးဝင်း ရဲ့ အဆိုကို လေးလေးနက်နက် အကြံပြုထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ 　။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၄။**

**ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော(တပ်မတော်သား ကိုယ်စားလှယ်)**။ 　။ လေးစားရ ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point Presentation ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာတစ်ဝန်းမှာ လူဦးရေတိုးတက် များပြား လာခြင်း၊ မြို့ပြများဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လယ်ယာမြေကို အခြားမြေအဖြစ် အသုံးပြုခြင်း များ များပြားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတွင်လည်း တိုးတက်များပြားလာ သော လူဦးရေ၊ ဖွံ့ဖြိုးလာသော မြို့ပြလူနေမှုစနစ်၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ လမ်းပန်းဆက်သွယ်

ရေးကောင်းမွန်လာမှုများကြောင့် မြို့ပြများ ယင်းနှင့်ဆက်စပ်လျက်ရှိသော လမ်းမကြီးများဘေးတွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုမှုများ ပိုမိုများပြားလာကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ ငွေကြေးအတန်အသင့်ရှိတဲ့သူများအနေနဲ့ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုလို လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလိုမှု အားနည်းလာပြီး လွယ်လွယ်ကူကူနဲ့ အကျိုးအမြတ်ရရှိဖို့ သေချာသလောက်ရှိတဲ့ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ရရှိဖို့ နိုင်ငံတော်အဆင့်မှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ တစ်ပိုင်တစ်နိုင်ကြိုးစားလာကြတာကို တွေ့ရမှာဖြစ်ပါတယ်။ လယ်ယာမြေကို လူနေအိမ်ခြံမြေများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနဲ့ အခြားစီးပွားရေးဆိုင်ရာ အဆောက်အအုံများ အဖြစ် အသုံးပြုရန်အတွက် ပြောင်းလဲဆောင်ရွက်လာကြတာကိုတောင် တွေ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးနှင့် ပြည်ထောင်စု လမ်းမကြီးများ၊ ခရိုင်နှင့် မြို့နယ် ကျေးရွာချင်းဆက်လမ်းများပါမကျန် နိုင်ငံတော်က လမ်းဖောက်လုပ် ပြီးသွားတာနဲ့ လမ်းဘေးက လယ်ယာမြေတွေဟာ တဖြည်းဖြည်းနဲ့ အလိုအလျောက် လယ်ယာမြေ ကနေ အကြောင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ အခြားမြေအဖြစ်သို့ ပြောင်းလဲသွားတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ အတုမြင်အတတ်သင်ဆိုသလို ပြောင်းလဲမှုနှုန်းဟာလည်း မြန်သည်ထက်မြန်ဆန်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ရန်ကုန်- မန္တလေး အဝေးပြေးလမ်းမကြီးပေါ်မှာရှိတဲ့ မြို့တစ်မြို့ရှိ လမ်းမကြီးဘေးက မြေတစ်ကွက်ရဲ့ တစ်စတုရန်းပေဈေးနှုန်းနဲ့ အဲဒီမြို့ကထွက်ပြီး (၃)မိုင်နဲ့ (၅)မိုင် ကြားမှာရှိတဲ့ လယ်ယာမြေတစ်ကွက်ရဲ့ တန်ဖိုးဟာ အဆပေါင်းရာနဲ့ချီပြီး ကွာခြားနိုင်တာကို တွေ့နိုင် ပါတယ်။ လုပ်တတ်ကိုင်တတ်ရှိသူတွေအနေနဲ့ လယ်ယာမြေကို ဝယ်ယူပြီး ၎င်းမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ရရှိသွားပါက အဆိုပါ မြေရဲ့တန်ဖိုးဟာ မူရင်းလယ်ယာမြေတန်ဖိုးထက် အဆပေါင်းများစွာ တန်ဖိုးရှိသွားတာကို တွေ့ရမှာဖြစ်ပါတယ်။ သာဓကအားဖြင့် လမ်းမကြီးဘေးမှာရှိတဲ့ စက်သုံးဆီဆိုင်များ၊ ကုန်လှောင်ရုံကြီးများကို တွေ့နိုင်ပါတယ်။ နိုင်ငံတော်အနေဖြင့် လယ်ယာမြေကို အခြားမြေအဖြစ် အဆင့်ဆင့်ပြောင်းလဲပေးလိုက်လို့ ရရှိတဲ့အခွန်အခဟာ လက်ရှိပေါက်ဈေးနဲ့ နှိုင်းယှဉ် ပါက မဖြစ်စလောက်ပဲရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ လယ်ယာမြေကို အခြားနည်းသုံးစွဲခြင်းအား မဖြစ်မနေဆောင်ရွက်ရပါကလည်း ယင်းကိစ္စအား အမျိုးသားရေးကိစ္စအဖြစ် သဘောထား၍ အဂတိတရားကင်းကင်းရှင်းရှင်းနဲ့ စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်းနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့ လယ်ယာမြေနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို လယ်ယာမြေဥပဒေ အခန်း(၆) ပုဒ်မ ၁၇ နှင့် ၁၈ တို့ဖြင့်လည်းကောင်း၊ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၀ ပုဒ်မခွဲ (က)နှင့်(ခ) တို့ဖြင့်လည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှစ၍ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်နှင့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များရဲ့ သဘောထားမှတ်ချက်များ အဆင့်ဆင့်စစ်ဆေးမှုများ စိစစ်ထောက်ခံချက်များဖြင့် ခွင့်ပြုပေးရန် ပြဋ္ဌာန်းပါရှိပါတယ်။ လယ်ယာမြေ နည်းဥပဒေများ အခန်း(၉)တွင်လည်း လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၈ မှ ၉၁ အထိ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း လက်တွေ့လိုက်နာဆောင်ရွက်မှုတွင် အားနည်းချက်များ များစွာရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့လည်း လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ပေးတဲ့အခါ နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံမှုအခြေအနေ၊ နှစ်အလိုက် လူဦးရေတိုးတက်မှုနှုန်း၊ နှစ်အလိုက် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရန် လျာထားချက်တို့နဲ့ပတ်သက်ပြီး တိကျတဲ့ ကိန်းဂဏန်းများ ကောက်ခံထားရှိရန် လိုအပ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် Horizontal Expansion ခေါ် လယ်ယာမြေအသစ်များ ဖော်ထုတ်ခြင်းနှင့် Vertical Expansion ခေါ် အထွက်နှုန်းတိုးရေး တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ရေးတို့အတွက် နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ လယ်ယာစိုက်ပျိုးမြေများ တဖြည်းဖြည်းလျော့နည်းလာပါက လယ်ယာထွက်ကုန်များ အထွက်နှုန်းလျော့နည်းလာပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်လာနိုင်သလို ပြည်ပသို့ တင်ပို့မှုလည်း လျော့ကျလာမှာဖြစ်ပါတယ်။ အဆိုပါ အကျိုးဆက်ကို ကာကွယ်နိုင်ရန်အတွက် လက်တွေ့မြေပြင်မှာ လယ်ယာမြေများ လျော့နည်းလာမှုကို စစ်တမ်းကောက်ယူတွက်ချက်ပြီးမှ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

ဒါ့အပြင် လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်နှင့်ပတ်သက်ပြီး ခေတ်ကာလနှင့်အညီ ထိုက်သင့်တဲ့ အခွန်နှုန်းထားများ ပြောင်းလဲသတ်မှတ်ပေးဖို့ လိုအပ်သလို မည်သို့သော အခြေအနေ အကြောင်းပြကိစ္စရပ်များအတွက် လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ပြုခြင်း/ မပြုခြင်းများကို အများပြည်သူအားလုံး ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ထုတ်ပြန်ကြေညာပေးဖို့ လိုအပ်ပါတယ်။ ယခုလို သတင်းအချက်အလက်နည်းပညာ တိုးတက်လာတဲ့ခေတ်မှာ E-Government စနစ်ကို ပီပီပြင်ပြင် စတင်အကောင်အထည်ဖော်သင့်တဲ့ အစိုးရဌာနအဖွဲ့အစည်းများကတော့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ပဲဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်အနေနဲ့ ထိုက်သင့်တဲ့ အခွန်ဝင်ငွေရရှိမှာဖြစ်သလို သာမန်မြို့ပြနှင့် ကျေးရွာများရှိ လူနေအိမ်များကိုဝယ်ယူတဲ့ ပြည်သူတွေ ပေးဆောင်နေရတဲ့ အခွန်အခနဲ့ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ရသူတွေ ပေးဆောင်ရတဲ့ အခွန်အခဟာ လိုက်လျောညီထွေဖြစ်လာမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှုများဟာ နိုင်ငံနှင့်အဝန်း ဖြစ်ပေါ်နေတဲ့ကိစ္စရပ်ကြီး ဖြစ်နေတဲ့အတွက် အဂတိတရားကင်းကင်းရှင်းရှင်းနဲ့ ကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် ပွင့်လင်းမြင်သာပြီး ထင်သာမြင်သာရှိတဲ့ အွန်လိုင်း Website များတည်ထောင်လွှင့်တင်ပြီး ၎င်း Website များမှတစ်ဆင့် နယ်မြေဒေသအလိုက် ကာလတန်ဖိုး သတ်မှတ်ခြင်း၊ အခွန်အခများ သတ်မှတ်ခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်

ခိုင်လုံတဲ့ အကြောင်းပြချက်များဖြင့်သာ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲခွင့် ခွင့်ပြုပေးခြင်းများကို ထုတ်ပြန်ကြေညာ ဆောင်ရွက်သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အိမ်ခြံမြေဈေးကွက်ဟာ ပုံသဏ္ဌာန်မမှန်ဘဲ ကြီးထွားလာခဲ့တာ ကာလအတန်ကြာမြင့်နေခဲ့ပြီဖြစ်ပါတယ်။ အခြားသော တိုင်းပြည်စီးပွားရေးကို အထောက်အကူပြုမယ့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေတဲ့ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ မြေ၊ အဆောက်အအုံနဲ့ လျှပ်စစ်မီးအပါအဝင် အခွန်အတုတ်အမျိုးမျိုးနဲ့ လုပ်ကိုင်ရန်ခက်ခဲနေချိန်မှာ အခွန်အခနည်းနည်းနဲ့ အကျိုးအမြတ် များများရရှိနိုင်တဲ့ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှုနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ တိကျပြတ်သားတဲ့ မြေယာစီမံခန့်ခွဲမှု အခွန်ကောက်ခံမှုစနစ်များကို ပြဋ္ဌာန်း ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ လူဦးရေတိုးတက်မှုနှုန်းအရ ၂၀၅၀ ပြည့်နှစ်မှာ လူဦးရေ(၆၈)သန်းခန့် ရှိလာနိုင်တဲ့အတွက် အဆိုပါလူဦးရေ (၆၈)သန်းအတွက် ဆန်စပါးလိုအပ်ချက်ဟာ စပါးတင်းပေါင်း(၈၁၆)သန်း လိုအပ်လာမှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အရ ယခင်နှစ် စိုက်ပျိုးဧကထက် ယခုနှစ်တွင် စုစုပေါင်းစိုက်ဧက(၈)သိန်းကျော် စပါးတစ်မျိုးတည်းအတွက် ဧက(၂.၅)သိန်းကျော် လျော့နည်းလာတဲ့အတွက် တိုးတက်လာမယ့်လူဦးရေပြည်ပသို့ တိုးတက်တင်ပို့လိုသည့် လယ်ယာထုတ်ကုန် ရည်မှန်းချက်တို့နှင့်အညီ နှစ်အလိုက် လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်ရန်နှင့် လိုအပ်သလို အထွက်နှုန်းတိုးတက်ရေးကိုလည်း မျက်ခြေမပြတ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်နှင့် ပတ်သက်၍ ယခုထက် ပိုမိုထိရောက်ကောင်းမွန်တဲ့ နည်းလမ်းများနဲ့ စနစ်တကျ အသေးစိတ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ လယ်ယာမြေကို အခြားနည်းဖြင့် ပြောင်းလဲအသုံးပြုခွင့်အား စနစ်တကျ ပွင့်လင်းမြင်သာစွာ ကိုင်တွယ်ထိန်းချုပ်နိုင်မှု မရှိလျှင် စိုက်ပျိုးမြေများ အလျင်အမြန်လျော့နည်းလာပြီး မြို့ပြနှင့် ကျေးရွာများ စနစ်တကျ ဖွံ့ဖြိုးမှုမရှိဘဲ ကားလမ်းဘေးတစ်လျှောက် ရွာတန်းရှည်ကြီးများသာ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ လယ်ယာမြေကိုအခြားမြေအဖြစ် ပြောင်းလဲ အသုံးပြုခွင့်ရရှိသူများကိုလည်း ထိုက်သင့်တဲ့ အခွန်အခများကို နှစ်ရှည်အရစ်ကျစနစ်ဖြင့်ဖြစ်စေ ခေတ်စနစ်နဲ့အညီ ကောက်ခံရန်လိုအပ်ပါတယ်။ လုပ်ပိုင်ခွင့်ရသူများက အခြားမြေအဖြစ် ပြောင်းလဲခဲ့တဲ့မြေကို လွှဲပြောင်းရောင်းချမည်ဆိုပါကလည်း ကာလပေါက်ဈေးနဲ့အညီ ထိုက်သင့်တဲ့အခွန်ငွေကို ပေးဆောင်စေပြီးမှသာ လွှဲပြောင်းရောင်းချခွင့်ပြုသင့်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုရှင် ဦးမျိုးဝင်း ၏ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် (ကော်သုံးကော်)တို့၏ ဆောင်ရွက်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အမြန်ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံ ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲမင်္ဂလာပါ။ အဆိုနဲ့ပတ်သက်ပြီး Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံ တောင်းခံအပ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးဝင်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) တင်သွင်းတဲ့ အဆိုမှာ ပါဝင်တဲ့အကြောင်းအချက်များထဲက (၁) စိုက်ပျိုးမြေတွေကို ဥပဒေမဲ့အသုံးပြုခဲ့ကြလို့ အလျှင်အမြန်လျော့နည်းနေတာ၊ (၂) ဆက်စပ်ဌာနဝန်ထမ်းတွေနဲ့ ပြည်သူတွေကြား ဖြစ်ပျက်နေခဲ့ကြတာတွေကို ပါဝင်ဆွေးနွေးပြီး အစိုးရကို အကြံပြုပေးကြဖို့နဲ့ (၃) ဝန်ကြီးဌာနတစ်ခုမက ပါဝင်ပတ်သက်နေကြပုံတွေစတဲ့ အကြောင်းအရာအချို့ကို ခြုံငုံဆွေးနွေးသွားပါမယ်။ ဒီနေ့ လတ်တလောရေကြီးရေလျှံမှုတွေ နှစ်စဉ်လိုလိုဖြစ်နေခိုက် လယ်ယာကဏ္ဍကြီးတစ်ခုလုံး အနည်းနဲ့အများ ထိခိုက်ဆုံးရှုံးခဲ့ရတဲ့ကာလ နောက်နောင်ကိုလည်း ဒီလိုဆုံးရှုံးမှုတွေ ဖြစ်နိုင်ခြေများနေတဲ့ အချိန်မှာ လယ်ယာ၊ ဥယျာဉ်ခြံမြေတွေနဲ့ ပတ်သက်ပြီး တာဝန်မဲ့သူတွေကို အလေးထားစေနိုင်ဖို့ တပ်လှန့်နှိုးဆော်လိုက်တဲ့ ဒီအဆိုနဲ့ပတ်သက်ပြီး ရှေ့ကဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်တွေ (၂၄)ဦးရှိသွားကြလို့ ပြည့်စုံလုံလောက်မှုတွေရှိနေပေမယ့်လည်း နိုင်ငံကျော် အဆိုတော်ကြီးတစ်ယောက်ရဲ့ စကားအရတော့ ပြောစရာတွေတစ်ပုံကြီး ရှိနေပါသေးတယ်။

ရှေးဦးစွာ ကချင်ပြည်နယ်၊ ရွှေဂူမြို့နယ်မှာ အခြားနည်းအသုံးပြုခွင့်မကျခင် ကြိုတင်ဆောက်လုပ်အသုံးပြုထားတဲ့ ဖော့ပြားစက်ရုံဆိုရင် တားမြစ်နေတဲ့ကြားက ဆက်လက်လုပ်ဆောင်နေခဲ့ခြင်းအပေါ် ဆိုင်ရာဌာနတွေရဲ့ တာဝန်မယူ လျစ်လျူရှုမှုက ထောက်ပြစရာတွေ ဖြစ်ပေါ်နေပါတယ်။ ဗန်းမော်မြို့နယ်၊ ဟန်တဲ၊ ကွင်းပိုင်ထဲက နှစ်ပေါင်း(၄၀)ကျော်လုပ်ကိုင်ခဲ့တဲ့ လယ်မြေအပေါ် မြို့မြေကွက်သစ်အကြောင်းပြချက်နဲ့ သိမ်းယူပြီး အခြားသူတစ်ဦးကို လွှဲပြောင်းအသုံးပြုခွင့် ပေးလိုက်တာမျိုးတွေအပြင် မိုးမောက်မြို့နယ်ထဲက လွယ်ဂျယ်ဒေသခံတွေက ဥပဒေရဲ့ အကာအကွယ် လုံးဝမရပါဘဲ မြေသိမ်းခံရခြင်းများပဲဖြစ်ပါတယ်။ ဌာနပေါင်းစုံအတွက် လိုအပ်လို့ဆိုပေမယ့် ပိုလို့ လုပ်ထားတဲ့ မြေကျန်လေးတွေကို အနည်းဆုံး(၄၄)ဦးထက်မနည်း အမှုတွဲလို့ ပြည်နယ်အစိုးရထံ တင်ပြတိုင်ကြားခဲ့ပေမယ့်လည်း ဒီကိစ္စကို ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်အသီးသီးက ပါဝင်ပတ်သက်နိုင်ဖို့ ၈-၁-၂၀၁၈ ရက်နေ့မှာမှ အမိန့်ထုတ်ပြန်စေခဲ့ပြီး ဒီလို နှစ်နှစ်ကျော်တဲ့အထိ ကြာမြင့်ခဲ့ရခြင်းဟာ အဖြစ်မှန်တွေအမြန်ပေါ်မှာစိုးလို့ ဖုံးရ၊ ဖိရနဲ့ အချိန်ဆွဲနေခြင်းတစ်မျိုးသာဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်နောက်ပိုင်း မြို့နယ်ခွဲသတ်မှတ်လို့ မြို့ပြဖော်ဆောင်တဲ့ဖြစ်ရပ်ကို ဒုတိယအကြိမ်၊ ကချင်ပြည်နယ် လွှတ်တော်သစ်တော သတ္တုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကော်မတီက ကွင်းဆင်းစစ်ဆေးကြရာ လိုအပ်တာထက် ပိုမိုသိမ်းယူပြီး သီးစားချထားခဲ့တာတွေ၊ အိမ်ဝိုင်းများအကွက်ရိုက် ရောင်းစားခဲ့တာတွေ၊ အခုထိအသုံးမပြုသေးဘဲ မြေလှောင်ထားတာတွေနဲ့ အစိုးရ

မဟုတ်တဲ့အသင်းအဖွဲ့ဆိုတာတွေကလည်း လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ပေါင်းပြီး ဇာတ်တူသားစားခဲ့ကြပြန်ပါသေးတယ်။


Power Point မှာ ဖော်ပြတဲ့အတိုင်း အမှတ်စဉ်(၄၃)က ဦးအောင်ဘူ(ခ)ဦးမဒိန်နော် ဆိုတဲ့ လွယ်ဂျယ်မြေတွေ တစ်ဖက်နိုင်ငံထဲ မပါရလေအောင် ဦးဆောင်ဆန္ဒဖော်ထုတ်ခဲ့တဲ့အဖွဲ့ဝင် ရဲဘော်ဟောင်းကြီးတစ်ဦးရဲ့ နှစ်(၄၀)(၅၀)ကြံစိုက်ခင်းကို ယခင်အစိုးရရဲ့ စက်မှုဝန်ကြီး တားမြစ်တဲ့ကြားက ခရိုင်တာဝန်ရှိသူမှ ဖိအားပေး ဂရန်ဖောက်စေပြီး မျိုးတူအဖွဲ့အစည်းတွေကလည်း အနိုင်ကျင့် သိမ်းယူခဲ့ကြပြန်ပါသေးတယ်။ ပိုဆိုးတာက ဆေးရုံဆောက်ဖို့ အကြောင်းပြပြီး သိမ်းယူတဲ့နေရာမှာ ကိုယ်စားလှယ်တွေက ဆိုင်ရာတွေနဲ့ ကွင်းဆင်းစစ်ဆေးတော့ မြေပြင်မှာ ငွေရှင်တစ်ယောက်ပိုင်ဖြစ်နေတာကို မခံနိုင်လို့ ခြံဝင်းခတ်မိရာက တရားစွဲခံထားရတဲ့ တောင်သူတွေ စတဲ့ သိမ်းဆည်းစဉ်ကလည်း ဥပဒေနဲ့မညီ တရားဝင် အကြောင်းမကြား လျော်ကြေး လုံးဝမပေးဘဲ ၂၀၁၅ ခုနှစ်၊ MICC ခန်းမမှာ ဒုတိယသမ္မတက မလိုအပ်တဲ့မြေယာတွေ ပြန်စွန့်လွှတ်ဖို့ တရားဝင် ညွှန်ကြားထားတာတောင် မြေဖုတ်ဘီလူးတွေလို အဲဒီခေတ်က အထွေထွေအုပ်ချုပ်ရေးမှူးနဲ့ မြေစာရင်းဦးစီးတို့က ရသလောက်နဲ့ အမြန်ရောင်း၊ (၁၀၅)(၁၀၆) အမြန်ထုတ်ပေးခြင်း၊ တစ်ခုမက ထုတ်ပေးခြင်းနည်းတွေနဲ့ ဖြေရှင်းခဲ့ကြလို့ ပြဿနာပေါင်းသောင်းခြောက်ထောင်ဟာ ဒီကနေ့အထိ မိုးမီးလောင်နေဆဲပါပဲ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ လက်ရှိ သမ္မတကြီး အမိန့်ရှိသလိုပါပဲ။ မြေသိမ်းကိစ္စတွေကို ကိုယ်စားလှယ်တွေ လွှတ်တော်ပြန်တက်ချိန်မှာ အစည်းအဝေးလုပ်၊ ကိုယ်စားလှယ်တွေ နယ်ဆင်းမယ်ဆိုတော့ ဆိုင်ရာမြို့နယ် လယ်ယာမြေစိစစ်ရေး တာဝန်အရှိဆုံးသူတွေက ရှောင်ဖယ်ရှောင်ဖယ်လုပ်ပြီး အချိန်ဆွဲ အလေးမမူ ငူငူငေါင်ငေါင် ဖြစ်နေကြခြင်းဟာ ဆိုင်းဘုတ်သာထောင်ပြီး ဖြစ်မြောက်အောင် အလုပ်မလုပ်ကြတဲ့ အောက်ခြေ လယ်ယာမြေစိစစ်ရေးတွေဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေး မြေစာရင်းနဲ့ အခြားဌာနဆိုင်ရာတွေကို ဒီအဆိုနဲ့ စပ်လျဉ်းပြီး ထပ်မံတွန်းအားပေးဖို့ လိုပါလိမ့်မယ်။ ဒါကြောင့်မို့ ယခု ဆွေးနွေးခဲ့ကြတဲ့ အဆိုနဲ့ ပတ်သက်ပြီး ယခင့်ယခင် အာဏာပါဝါနဲ့ တာဝန်ခံ လုပ်ပိုင်ခွင့်ရှိသူများ ၎င်းတို့နဲ့ ပတ်သက်ဆက်နွှယ်တဲ့ပုဂ္ဂိုလ်များရဲ့ ကြိုးကိုင်ခြယ်လှယ်မှုနဲ့ လုပ်ချင်သလိုလုပ်ခဲ့ကြလို့ ဖြစ်ချင်သလိုဖြစ်နေရတဲ့ မြေသိမ်းခံ အရှုပ်အရှင်းများအပေါ် စုံစမ်းစစ်ဆေး မေးမြန်းခွင့်၊ အရေးယူ ခုခံချေပခွင့် မရှိခဲ့ကြတဲ့ကာလတစ်လျှောက် ယနေ့တိုင် တရားစွဲ အမှုစစ်ခံနေရတဲ့ လယ်သမားများရဲ့ စိုက်ပျိုးမြေများ ဆုံးရှုံးပျောက်ကွယ် နစ်နာနေရမှုတွေအတွက် ဒီအဆိုဟာ တစ်ထောင့်တစ်နေရာကနေ အကူအညီပေး ဖြေရှင်းဖော်ထုတ်နိုင်မှုကို ပိုမိုအကျိုးထွက်လို့ တစ်ပြည်လုံး တိုးတက်နိုင်ပါစေလို့ ဆန္ဒပြု ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


လယ်ယာကဏ္ဍကြီးတစ်ခုလုံး အနည်းနဲ့အများ ဆုံးရှုံးမှုတွေဖြစ်နိုင်ခြေများနေတဲ့ ကာလပြပုံ(မ)




အခြားနည်းအသုံးပြုခွင့်မကျခင် ကြိုတင်ဆောက်လုပ် အသုံးပြုထားတဲ့ ရွှေကူမြို့နယ်က ဖော့ပြားစက်ရုံ မြင်ကွင်းပုံ(မ-၁)



တိုင်ကြားမှု၏ အဖြစ်မှန်တွေပေါ်မှာစိုးလို့ ဖုံးရ၊ ဖိရနဲ့ အချိန်ဆွဲနေ၍ (၂)နှစ်ကျော်သည်အထိ ကြာမြင့်ခဲ့ရခြင်း ပြပုံ(မ-၂)




**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း အနေနဲ့ မြန်မာနိုင်ငံရဲ့ လယ်ယာ၊ ဥယျာဉ်ခြံမြေအပါအဝင် မြေယာများ စီမံခန့်ခွဲမှုအပိုင်းမှာ ဖွဲ့စည်းထားတဲ့ ကော်မတီတို့ရဲ့ လျော့ရဲပြီး အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်တွေကို ထိရောက်စွာ ထိန်းညှိပေးနိုင်မယ့် အစီအမံတစ်ခု အလျင်အမြန်ရေးဆွဲ ပြဋ္ဌာန်းအကောင်အထည်ဖော်ပေးဖို့အတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုနဲ့ စပ်လျဉ်းပြီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ သဘောထားများနဲ့အတူ ပေါင်းစပ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဆွေးနွေး တင်ပြပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုမှာပါတဲ့ လယ်ယာ ဥယျာဉ်ခြံမြေတွေရဲ့ လယ်ယာကိုင်းကျွန်း သီးနှံထွက်ကုန်တွေဟာ နိုင်ငံအတွက် အရေးကြီးတဲ့ အရင်းအမြစ်များ ဖြစ်ကြပါတယ်။ ကုန်ထုတ် စွမ်းအားအရင်းအမြစ်တွေကို အားကိုးနေရတဲ့ မိမိတို့နိုင်ငံအဖို့ ဒီအဆိုနဲ့ စပ်လျဉ်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများက မိမိနယ်မြေဒေသအလိုက် မြေပြင်မှာ ပကတိဖြစ်ပျက်နေတဲ့အပေါ်မှာ အခြေခံပြီး သုံးသပ်အကြံပြုထောက်ပြ ဆွေးနွေးခဲ့ကြမှုတွေ ပြုပြီးဖြစ်ပါတယ်။ လယ်ယာဥယျာဉ် ခြံမြေများနဲ့ မြို့နယ်၊ ကျေးရွာမှာရှိတဲ့ မြေလွတ်တွေမှာ အိမ်ရာကွက်တွေဖော်ထုတ်ဆောင်ရွက်လျက်ရှိတဲ့ အနေအထားများကို အမှန်တကယ် လိုအပ်တဲ့ အတိုင်းအတာကိုသာ ခွင့်ပြုပြီးတော့ စိုက်ပျိုးမြေတွေ မလျော့ပါးဖို့နဲ့ နောင်တစ်ချိန် အသုံးပြုဖို့လိုအပ်လာမယ့် မြေလွတ်များ

ဆုံးရှုံးမှုမရှိစေဖို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျစိစစ်ပြီး အဂတိတရား ကင်းရှင်းစွာနဲ့ စီမံဆောင်ရွက်သွားဖို့ လက်တွေ့အခြေအနေမှာ အမှန်လိုအပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ယနေ့ကာလ နိုင်ငံတွေမှာ တိုးပွားလာတဲ့ လူဦးရေအတွက် နေရာထိုင်ခင်း လိုအပ်ချက်တွေဟာလည်း မလွဲမသွေ တိုးတက်လာလျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အဆိုပါကိစ္စရပ်ကို ရင်ဆိုင်ရလျက်ရှိရာမှာ တိုးပွားလာတဲ့ လူဦးရေအတွက် နေထိုင်ဖို့ နေရာဖော်ဆောင်ပေးရမယ့်ကိစ္စပေါ်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့ပြနဲ့အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနတို့က အစီအမံတွေချပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အကောင်အထည် ဖော်ဆောင်ရွက်မှုရှိပါတယ်။ ယင်းအပေါ်မှာ အကြောင်းပြုပြီးတော့ ဒေသအသီးသီးမှာ လယ်ယာ ဥယျာဉ် ခြံမြေတွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ မညီဘဲနဲ့ စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားတဲ့ကိစ္စရပ်တွေ ပေါ်ပေါက်လာခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ စိုက်ပျိုးမြေတွေ အလျင်အမြန်လျော့နည်းမှု၊ မြေလွတ်တွေ ပျောက်ဆုံးကုန်မှု စသည့် အကြောင်းအချက်တွေကို ထိန်းညှိဖို့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာ ယင်းအချက်နဲ့ စပ်လျဉ်းပြီးတော့ ထည့်သွင်းပြဋ္ဌာန်းထားမှုလည်း ရှိပါတယ်။ ဥပဒေရဲ့ အပိုဒ် ၁၉၊ ပုဒ်မ ၁၂ ပါ စည်းကမ်းချက် အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်မယ်ဆိုရင် မည်ကဲ့သို့ အရေးယူပြီး ဆောင်ရွက်မယ်ဆိုတာကိုလည်းပဲ အတိအလင်း ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နဲ့ မြို့ပြဒေသတွေမှာ တိုးပွားလာတဲ့ လူဦးရေ အိမ်ထောင်စုတွေအတွက် အိမ်ရာတည်ဆောက်နိုင်ဖို့နဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ဒေသအလိုက် သက်ဆိုင်ရာ အဖွဲ့အစည်းများ စိစစ်ညှိနှိုင်းပြီး Town Plan, Village Plan များရေးဆွဲမှု အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ လိုအပ်တဲ့မြေအတွက် လယ်ယာမြေဖြစ်မယ်ဆိုရင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့်လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်မယ်ဆိုရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့နှင့်လည်းကောင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ မြို့ပြမြေယာစီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်တွေကိုတော့ နေပြည်တော်၊ ရန်ကုန်မြို့နဲ့ မန္တလေးမြို့များမှာဆိုရင် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီက ကိုင်တွယ်ကျင့်သုံးပါတယ်။ ကျန်ဒေသတွေမှာတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရပိုင် မြို့ရွာအတွင်းမှာရှိတဲ့ မြေလွတ်တွေ စီမံခန့်ခွဲပိုင်ခွင့်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နဲ့ကျေးရွာမှာရှိတဲ့ မြေယာလက်စွဲ ဥပဒေပြဋ္ဌာန်းချက်အရ မြို့ရွာအတွင်းမှာရှိတဲ့ မြေကွက်လွတ်တွေ နေရာချထားမယ်ဆိုရင် သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမှုတွဲ စတင်တည်ဆောက်ရပါတယ်။ သက်ဆိုင်ရာ စည်ပင်သာယာရေးဦးစီးဌာန ကျန်းမာရေးနဲ့ မြို့မြေ၊ ရွာမြေနဲ့ သက်ဆိုင်တဲ့ အခြားသင့်တော်တဲ့ဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်မယ့်အကြောင်းကိုလည်း ဒေသခံအများပြည်သူတွေ သိရှိနိုင်ဖို့အတွက် ကြေညာပြီးတော့မှ ဒီရဲ့ ရရှိတဲ့အချက်အလက်ကို အခြေခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ရတဲ့အခြေအနေဖြစ်ပါတယ်။

အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာမှုမရှိဘဲနဲ့ နိုင်ငံပိုင်မြေတွေ၊ လမ်းမြေတွေ၊ လယ်မြေ၊ သစ်တောမြေ၊ ကျေးရွာဘုံမြေ စတဲ့ဧရိယာတွေမှာ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်မှုတွေကို တားမြစ်ဖို့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများမှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာအဆင့်အဖွဲ့အစည်းတွေဟာ အရင်းခံအဖွဲ့အစည်းများ ဖြစ်ကြပါတယ်။ ယင်းတို့ကို ခိုင်ခိုင်မာမာ တည်ဆောက်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်အဖွဲ့အစည်းတွေက တာဝန်ယူ တာဝန်ခံမှုများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ အတွက် လိုအပ်ချက် ရှိနေဆဲဖြစ်ပါတယ်။ ယင်းလုပ်ငန်းအစီအမံများနဲ့ စပ်လျဉ်းပြီး လယ်ယာမြေ သုံးစွဲမှုဆိုင်ရာ ကိစ္စရပ်တွေမှာ ဝန်ထမ်းတွေအပိုင်းက ဥပဒေနဲ့ညီစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့တဲ့ အပေါ်မှာ ပတ်သက်ဆက်နွယ်မှုရှိတဲ့ ဌာနတွေရဲ့ ဝန်ထမ်းတွေအပေါ်မှာ အရေးယူဆောင်ရွက်ခဲ့ရမှုနဲ့ အရေးယူဆောင်ရွက်ဆဲ အခြေအနေများလည်း ရှိနေဆဲဖြစ်ပါတယ်။ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် ကိစ္စနဲ့ ပတ်သက်ပြီး ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေမှုအပေါ်မှာ အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဟန့်တားဆောင်ရွက်တဲ့အခါမှာ မိမိတို့ဝန်ထမ်းအင်အား အပြည့်အဝအသုံးချနိုင်မည့်အချက်ကို လည်းပဲ ဖြည့်ဆည်းဖို့ လိုအပ်ချက်တွေ ရှိနေပါတယ်။

ဒါကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တစ်ခုမှာ မြေတိုင်းစာရေး တစ်ဦးနှုန်း ခန့်ထားနိုင်ဖို့အတွက်ကိုလည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့မှ အကောင် အထည်ဖော် ဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေ၊ နည်းဥပဒေတွေ မည်သို့ပင် ပြဋ္ဌာန်းထားပေမယ့်လည်းပဲ ပြဋ္ဌာန်း ထားတဲ့ ဥပဒေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာမှုမရှိဘဲနဲ့ ကျူးလွန်ဆောင်ရွက်တဲ့ဖြစ်စဉ်တွေ ပေါ်ပေါက်မှုတွေဟာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေကို ကိုင်တွယ်ကျင့်သုံးတဲ့ အချို့သော ဌာန၊ အဖွဲ့အစည်းအပိုင်းက အားနည်းချက်ရှိမှုတွေ၊ ကိုယ်ကျိုးရှာမှုကို အကြောင်းပြုပြီးတော့ အခုလို ကျူးလွန်ဆောင်ရွက်တဲ့ ကိစ္စရပ်တွေ ပေါ်ပေါက်လာရခြင်းဖြစ်စေပါတယ်။ တည်ဆဲဥပဒေ၊ လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်နဲ့အညီဖြစ်စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်မှုမှာ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ဘဲနဲ့ မြေအမျိုးအစားအလိုက် စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များ၊ အဆင့်ဆင့် အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အစီအမံများချမှတ်ဆောင်ရွက်သွားဖို့ လိုအပ်ချက်ရှိနေပါတယ်။ သင့်တော်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ဦးဆောင်မှုနဲ့ စီမံကြပ်မတ်ဆောင်ရွက်ခြင်းနဲ့ ပိုမို ထိရောက်စွာ ဆောင်ရွက်သွားနိုင်မယ့် အခြေအနေလည်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့ အလျောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် အစီအမံများနဲ့ ပတ်သက်ပြီး ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးမှာ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆွေးနွေးရရှိချက်ပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်သွားနိုင်မယ့်စနစ် (System)နဲ့ ယင်းကို အကောင်အထည်ဖော်သွားနိုင်မယ့် လုပ်ငန်းအကောင်အထည်ဖော်မှု ယန္တရား(Mechanism) တစ်ခုကိုလည်းပဲ ဖော်ထုတ်သွားနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်သွားဖို့ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း တင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး လယ်ယာမြေ၊ ဥယျာဉ်ခြံမြေတွေကို စည်းကမ်းမဲ့ ဆောင်ရွက်မှု

မပြုစေရေး၊ မြို့ပေါ်နဲ့ ကျေးရွာများမှာရှိတဲ့ မြေလွတ်တွေကို စည်းကမ်းမဲ့အသုံးပြုမှု မဖြစ်ပေါ်စေရေး အတွက် မြို့နယ်အလိုက်ဖွဲ့စည်းထားတဲ့ စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနဲ့ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ (ကော်သုံးကော်)တို့ရဲ့ အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်များ မဖြစ်ပေါ်စေရေးအတွက် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့ အညီ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်သွားမယ့် အစီအမံများကို မိမိတို့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်တဲ့အလျောက် မလိုလားအပ်တဲ့ အားနည်းချက်တွေ၊ အဂတိ တရားမလွတ်ကင်းတဲ့လုပ်ဆောင်ချက်တွေ ဖယ်ရှားနိုင်စေမယ့် မိမိတို့ရဲ့လုပ်ငန်း အစီအမံအပေါ်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုဟာ အားပေးအထောက်အကူပြုရာရောက်တဲ့အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်၏ သဘောထားကို ပြောပါ။

**အချိန်၊ ၁၁း၃၃။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ ကျွန်တော့်အဆိုမှာ အဆိုကို ဆွေးနွေးစဉ်အခါတုန်းက ထောက်ပြခဲ့တဲ့ အချက်လေး၊ ခေါင်းစဉ်မှာ လိုအပ်ချက်လေးတစ်ခု ရှိတယ် ဆိုပြီးတော့ အဆိုရှင် အချို့က၊ ပါဝင်ဆွေးနွေးတဲ့လူအချို့က ထောက်ပြသွားပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ ကျွန်တော်က ခေါင်းစဉ်ရှည်မှာကြောက်လို့ နည်းနည်းလေး တိုထားတဲ့အခါကျတော့ အခြားမြေများဆိုတဲ့ ခေါင်းစဉ်တစ်ခု လျော့သွားပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီအဆိုကို မြန်မာနိုင်ငံတွင် လယ်ယာ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်း တို့ကြောင့် -----------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ဟိုဟာဖြစ်ရင် ဟိုဟာလို့ပဲ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာမိုလို့၊ မှတ်တမ်းတင်ပဲထားမလား။ အဲဒီတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဖို့အတွက် မဲခွဲဆုံးဖြတ်ပေးဖို့ အဲဒါကို မေးရမှာ။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ အဲဒီတော့ ကျွန်တော့် အဆိုကို ဝိုင်းဝန်းပြီးတော့ ထောက်ခံဆွေးနွေးကြတဲ့လူတွေကို အထူးကျေးဇူးတင်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အဆိုကို အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ် စားလှယ်များအား မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းထားတဲ့ မြန်မာနိုင်ငံတွင် လယ်ယာ၊ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေး

ကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+)သင်္ကေတကိုနှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင်အနုတ်(-) သင်္ကေတကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ( ၁၇၇)မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးမျိုးဝင်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၃၇ နာရီအချိန်တွင် ရပ်နားပါသည်။]